မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်နေ့၊ ၂၀၀၇ ခုနှစ်၊ မတ် ၂ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၅၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

၂၀၀၇ ခုနှစ်၊ တောင်သူလယ်သမားနေ့ သဝဏ်လွှာပေးပို့

ကိုလိုနီနယ်ချဲ့လက်သစ်များ မြန်မာနိုင်ငံကို လက်ဝါးကြီးအုပ်ခြယ်လှယ်နိုင်ရန် ကြိုးပမ်းလျက်ရှိ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် လွတ်လပ်ရေး မဆုံးရှုံးစေရေး ကိုလိုနီနယ်ချဲ့လက်သစ်နှင့် နယ်ချဲ့သြဇာခံများကို စုစည်းခိုင်မာညီညွတ်စွာဖြင့် တွန်းလှန်ဖယ်ရှား

နေပြည်တော် မတ် ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၇ခုနှစ် တောင်သူလယ်သမားနေ့သဝဏ်လွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ချစ်ကြည်လေးစားအပ်သော တောင်သူလယ်သမားကြီးများခင်ဗျား–

နိုင်ငံတော်၏စားနပ်ရိက္ခာအတွက်သာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ စွမ်းဆောင်ပေးနေသည့် တောင်သူလယ်သမားကြီးများအား ဂုဏ်ပြုသတ်မှတ်ထားသော ဤမတ်လ (၂)ရက်နေ့ **"တောင်သူလယ်သမားနေ့"**မင်္ဂလာအခါသမယတွင် တောင်သူလယ်သမားထုကြီးတစ်ရပ်လုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြလျက် မိမိတို့၏လယ်ယာလုပ်ငန်းများ အောင်မြင် ဖြစ်ထွန်းကြပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကို တိုးမြှင့်ကြိုးပမ်းဆောင်ရွက်နိုင်ကြစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ***စာမျက်နှာ ၃ ကော်လံ ၁*** ●

နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်ကြီးများအား နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် မတ် ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ ကျင်းပသည်။

ကျော်ဖုံးသို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဆရာတော်ထံ သင်္ကန်း၊ သပိတ် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

၂၀၀၇ ခုနှစ်၊ တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မတ်လ ၂ ရက်)

ကောင်းမှုအဖြာဖြာ ပြည့်စုံလျက်ရှိသည့် တပေါင်းလပြည့် အခါသမယ

ယနေ့သည် ၁၃၆၈ ခုနှစ် တပေါင်းလပြည့်နေ့ အခါသမယ ဖြစ်သည်။ မြန်မာ့ ဆယ့်နှစ်လရာသီတွင် နောက်ဆုံးလဖြစ်၍ "တစ်ပေါင်းသာခေါင် လများနောင်"ဟု အဆိုရှိသည်။

မြန်မာ့ ဆယ့်နှစ်လရာသီဝယ် တပေါင်းလသည် အခြားသောလများထက် ထူးခြားချက် ဝိသေသများစွာတို့ဖြင့် စာဖွဲ့၍မကုန်နိုင်အောင် ဝေဆာလျက်ရှိသည်။

တပေါင်းသာခေါင် လတန်ဆောင်သည် မိန်ရာသီ ခါသမယဖြစ်ပြီး ကောင်းကင်ထက်တွင် ဖလဂုနီနက္ခတ်နှင့် ငွေလသော်တာ စန်းယှဉ်ကာ ထွန်းလင်းတောက်ပလျက် ရှိသည်။

တပေါင်းလရာသီရောက်သည့် အချိန်အခါတွင် မြစ်များ၊ ချောင်းများသည် ရေကျ ရေစစ်၍ သဲခုံ၊ သောင်ခုံ ဖြူဖြူဖွေးဖွေးကလေးများ ပေါ်ထွန်းလေ့ရှိသည်။ တောင်သူလယ်သမားများသည် လယ်ယာလုပ်ငန်းခွင်ပြီးစီး၍ လယ်ယာထွက်ကုန်သီးနှံများ ရောင်းချ ငွေရှာသည့် အချိန်အခါဖြစ်ပြီး မြစ်များ၊ ချောင်းများ၌ ပေါ်ထွန်းလာသော သဲသောင်ခုံများပေါ်တွင် သဲပုံစေတီများ တည်ထားကာ သဲပုံစေတီပွဲတော်ကျင်းပသည့် ရာသီလည်းဖြစ်သည်။

ယခုအခါ သဲပုံစေတီပွဲတော်အစား မိမိတို့ဒေသအလိုက် တည်ထားကိုးကွယ်သည့် စေတီ၊ပုထိုးများတွင် ဗုဒ္ဓပူဇနိယပွဲများ ကျင်းပလျက်ရှိသည်။

မြတ်စွာဘုရားရှင်အား ဖခမည်းတော်ရှိရာ ကပ္ပိလဝတ် နေပြည်တော်သို့ ကြွရောက်တော်မူရန် ကာဠုဒါယီအမတ်ကြီးက တပေါင်းလ၏ သာယာပုံနှင့် စပ်လျဉ်း၍ ၆၄ဂါထာဖြင့် လျှောက်ထားခဲ့သည်။

တပေါင်းလပြည့်နေ့အခါသမယတွင် ဘုရားရှင်အား နေပြည်တော်သို့ ကြွရောက်ဖြစ်အောင် ပင့်ဆောင် နိုင်သော အရှင်ကာဠုဒါယီအပါအဝင် အခြားသော တပည့်သာဝကများထဲမှ ထက်မြက်သည့် သာဝကများကို ဘွဲ့တော်အသီးသီး ချီးမြှင့်တော်မူခဲ့သည်။ ရှေးရှေးသော မင်းကောင်းမင်းမြတ်များ လက်ထက်ကလည်း သီလ သမာဓိ ပညာကြီးမားတော် မူကြသည့် ဆရာတော်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခဲ့ကြသည်။

အလားတူ မျက်မှောက်ကာလတွင် တပေါင်းလပြည့်နေ့ရောက်ရှိတိုင်း နိုင်ငံတော်က သာသနာတော် သုံးရပ်၌ စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူကြသော ပြည်တွင်းပြည်ပ ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းသည့်အပြင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲ နှစ်စဉ်ကျင်းပပေးလျက်ရှိရာ စေတနာ၊ သဒ္ဓါတရား ထက်သန်သည့် ပြည်သူများပါဝင်မှုကြောင့် အထူးပင် စည်ကားသိုက်မြိုက်လျက် ရှိသည်။

ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် နွေဦး၏အစ ပထမလဖြစ်သော တပေါင်းလသည် သာပေါင်းစုံညီလှသည့်အပြင် ကြည်နူးဖွယ် ကုသိုလ်ဒါန ကောင်းမှုအဖြာဖြာတို့နှင့် ပြည့်စုံလျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၃-၂၀၀၇
(သောကြာနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇း၀၅ ခဲယဉ်းတရားရရှိကြား မမှားကြစေနဲ့တရားတော် (မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျ) (အပိုင်း-၂)
- ၇း၅၅ ဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်
- ၈း၁၀ တေးဂီတအစီအစဉ်
- ၈း၁၅ Myanmar Video Rhythm
- ၉း၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၉း၁၅ မေတ္တာကိုအခြေပြု နယ်လှည့်လို့ ကုတဲ့ယာဉ် (တောင်ကုတ်ခရီးစဉ်)
- ၉း၄၅ တေးဂီတအစီအစဉ်
- ၉း၅၀ ၂၀၀၄ ခုနှစ်၏ အကောင်းဆုံး ဇာတ်ညွှန်းဆုရ ဦးငြိမ်းမင်းနှင့် တွေ့ဆုံခြင်း
- ၁၀း၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၂၅ တေးဂီတအစီအစဉ်
- ၁၀း၃၀ အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (Sixth Annual Art Show of Hinnthar Art Gallery)
- ၁၁း၀၀ တေးဂီတအစီအစဉ်
- ၁၁း၀၅ သီးနှံစိုက်ပျိုးအထွက်တိုး စပါးပန်းတိုင်အထွက်နှုန်း
- ၁၁း၁၅ မိုးလေဝသခန့်မှန်းချက်
- ၁၁း၂၀ တေးဂီတအစီအစဉ်
- ၁၁း၂၅ ယဉ်ကျေးမှုလက်ရာစုံစွာ ဘုရားအာနန္ဒာ
- ၁၁း၄၀ တေးဂီတအစီအစဉ်
- ၁၁း၄၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၁၂း၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၂း၁၀ တေးဂီတအစီအစဉ်
- ၁၂း၁၅ နည်းပညာစုံစွာဖြင့် နိုင်ငံ့ဂုဏ်မြှင့်မည့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (အပိုင်း-၂)
- ၁၂း၄၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၅၀ မြန်မာနိုင်ငံရဲ့ စပါးကျီ တိုင်းဧရာဝတီ
- ၁း၀၀ MRTV-4 အပိတ်Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ် များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီ အင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၂-၃-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆း၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း-၂၅)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီး** (ဒုတိယတွဲ) (အပိုင်း-၂၆)

ရန်ကုန်မြို့ အရှေ့ရန်ကင်းနေ မိဘများဖြစ်သော ဦးသိန်း-ဒေါ်သိန်းခင် (စစ်ကိုင်း)တို့အား ရည်စူး၍ ဦးခင်အောင်၊ ဒေါ်ခင်ဌေး၊ ဒေါ်ခင်အေးမြင့်၊ ဒေါ်ခင်မြသွေး၊ ဒေါ်ခင်မြထွေး မောင်နှမမိသားစုတို့က ဆွမ်းပဒေသာပင် တစ်နေ့စာနှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် ငါးသိန်း ငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လယ်ဝေးမြို့နယ် ရေဆုံဆည်တည်ဆောက်မှု တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ကြည့်ရှုစစ်ဆေး

စိုက်ပျိုးမြေဧက ၉၀၀ ကျော် ရေပေးဝေနိုင်မည်

နေပြည်တော် မတ် ၁

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၇ရက် မွန်းလွဲ ၂နာရီက လယ်ဝေးမြို့နယ် မြွေရိုးလေးကျေးရွာအနီးရှိ ရေဆုံဆည်တည်ဆောက်နေမှုသို့ ရောက်ရှိပြီး မြေသားတမံနှင့် ရေပိုလွှဲတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရေပေးဝေနိုင်

ထို့နောက် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်အား ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများက ရေဆုံဆည် ပြုပြင်တည်ဆောက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး စိုက်ပျိုးမြေ အကျိုးပြုဧက ၉၀၀ကျော်တို့ကို ရေပေးဝေနိုင်ကြောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

မှာကြား

ယင်းနောက် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်က မြွေရိုးလေးကျေးရွာမှ တောင်သူကြီးများအား တွေ့ဆုံ၍ ယခုရေဆုံဆည်မှာ ကျေးရွာနေတောင်သူများ စိုက်ပျိုးရေ ရရှိရန်အတွက် နိုင်ငံတော်က တည်ဆောက်ပြုပြင်ပေးခြင်းဖြစ်၍ တောင်သူများအနေဖြင့် ယခင်ကထက် သီးနှံများကို ပိုမိုစနစ်တကျ စိုက်ပျိုးရန် ပြောကြားပြီး နွေစပါးစိုက်ပျိုးထားမှုများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တောင်သူတစ်ဦးက ရေဆုံဆည်ကို ပြုပြင်တည်ဆောက်ပေးသည့်အတွက် စိုက်ပျိုးရေ ရခြင်းအားဖြင့် နွေစပါး၊ မိုးစပါး၊ အခြားသီးနှံများ အောင်အောင်မြင်မြင် စိုက်ပျိုးနိုင်မှာဖြစ်သည့်အတွက် နိုင်ငံတော်အား အထူးပင် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

မြေပဲစံကွက်ရိတ်သိမ်း

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် လယ်ဝေးမြို့နယ် ရေအိုးစင်ကျေးရွာအုပ်စု ဇီးကုန်းကျေးရွာရှိ တောင်သူ ဦးသန်းဟန်၏ ဆင်းပဒေသာ(၇)မြေပဲ စံကွက် ရိတ်သိမ်းပွဲသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်က ကျေးရွာနေ တောင်သူများနှင့် တွေ့ဆုံ၍ ယခုရိတ်သိမ်းနေပြီဖြစ်သော မြေပဲအပြင် နေကြာ၊နှမ်း၊အစေ့ထုတ်ပြောင်း၊ ကြံနှင့် အခြားသီးနှံများကိုလည်း စိုက်ပျိုးသွားရန်၊ စိုက်ပျိုးရေးမြေဩဇာများကို စိုက်ပျိုးရေးလုပ်ငန်းများတွင် အမှန်တကယ်အကျိုးရှိရှိ အသုံးပြုရန်၊ မိမိတို့မြို့နယ်၊ ကျေးရွာများတွင် စိုက်ပျိုးထားပြီးဖြစ်သော ခြံစည်းရိုးကြက်ဆူပင်များကို ရှင်သန်အောင်ပြုစုပြီး ယခုထက်ပို၍ စိုက်ပျိုးရန်၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်းအားဖြင့် မိသားစုဝင်ငွေတိုးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တောင်သူကြီးများ၏ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပံ့ပိုး ဆောင်ရွက်ပေးသည်။ ယင်းဆင်းပဒေသာ(၇)မြေပဲမှာ တစ်ဧကလျှင် တင်း၁၂၀ထွက် ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့် စာကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၅ရက်က သဘော်ကျင်းရပ်ကွက် ဓမ္မပါလ ဓမ္မာရုံရှိ ပညာအလင်းရောင် စာကြည့်တိုက်၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးလှဦးမောင်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်အုံးညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

တပေါင်းပွဲတော် သောက်ရေသန့်ဘူးများ ဒါနပြုပွဲ

ရန်ကုန် မတ် ၁

၁၃၆၈ခုနှစ် တပေါင်းလပြည့်နေ့ (မတ်၃ရက်)သောကြာနေ့တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ သောကြာထောင့် မြောက်ဘက်မုခ် စောင်းတန်းအနီး ဝေနေယျသုခ ဓမ္မာရုံနှင့် ရွှေတိဂုံ စေတီတော်အလယ်ပစ္စယာ စောင်းတန်းလေးသွယ်တို့ အနီးမှနေ၍ ဝေနေယျသုခ ရေချမ်းစင်အသင်း (၁၀၂)နှစ်ပြည့် အထိမ်းအမှတ် သောက်ရေသန့်ဘူးပေါင်း ငါးသောင်း(ငွေကျပ် ၃၅ သိန်းဖိုး)ကို တစ်နေကုန် စတုဒိသာဒါနပြု လှူဒါန်းမည်။ ယခုအထိ သောက်ရေသန့်ဘူးပေါင်း ခြောက်သိန်း ငါးသောင်း လှူဒါန်းပြီးခဲ့သည်ကို သာဓုခေါ်ဆိုပါရန်နှင့် ရာသက်ပန် သောက်ရေသန့်ရေပဒေသာပင် တစ်ပင်လျှင် အနည်းဆုံး ငွေကျပ်တစ်သောင်းနှုန်းဖြင့် လှူဒါန်းနိုင်ရန် ဖုန်း-၃၈၁၇၃၆၊ ၃၈၃၅၁၁၊ လိုင်းခွဲ ၁၇၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဆည်မြောင်းတာတမံများကို ဘဏ္ဍာငွေအမြောက်အမြားကျခံသုံးစွဲပြီး တိုးတက်တည်ဆောက်လျက်ရှိ တည်ဆောက်ပြီး ဆည်တမံများ ထိန်းသိမ်းခြင်းလုပ်ငန်းများကို အစဉ်အမြဲ အာရုံစိုက်ဆောင်ရွက်ပေးနေ အလွယ်တကူ စိုက်ပျိုးနိုင်ပြီး တန်ဖိုးကြီးမားသည့် ခြံစည်းရိုးကြက်ဆူပင်များကို စီးပွားဖြစ်စိုက်ပျိုး

● **ရှေ့ဖုံးမှ**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်၍ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် စီးပွားရေးကဏ္ဍ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို နိုင်ငံတော်၏ အခြေခံစီးပွားရေးလုပ်ငန်းအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများမှာ နိုင်ငံနှင့်အဝန်း ကြီးမားကျယ်ပြန့်လှပြီး တောင်သူလယ်သမားကြီးများ၏ လက်ဝယ်ရှိ အဓိကကုန်ထုတ်လုပ်ငန်းကြီးဖြစ်သည့်အပြင် တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်၏ စီးပွားရေး တိုးတက်ဖြစ်ထွန်းမှုတို့ကို အထောက်အကူပြုသည့် လုပ်ငန်းကြီးလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ကြီး ကိုလိုနီနယ်ချဲ့တို့၏ လက်အောက်ကျရောက်ခဲ့ရသည့် ကာလက ကိုလိုနီနယ်ချဲ့အစိုးရသည် တိုင်းတစ်ပါးသားများအား မြန်မာနိုင်ငံအတွင်းသို့ ခေါ်သွင်း၍ လယ်ယာလုပ်ကိုင်ခွင့်ပေးခြင်း၊ တိုင်းတစ်ပါးသားများအား ငွေရင်းငွေနှီးထုတ်ပေးပြီး မြန်မာတောင်သူလယ်သမားများကို အတိုးနှုန်းကြီးမြင့်စွာဖြင့် ချေးငှားစေခြင်း၊ မြန်မာနိုင်ငံက ထွက်ရှိသည့် ဆန်စပါးကို နယ်ချဲ့အရင်းရှင်ကုမ္ပဏီကြီးများက ဈေးနှိမ်ဝယ်ယူပြီး အကျိုးအမြတ်များစွာရယူ၍ ပြည်ပသို့တင်ပို့ ရောင်းချခြင်းတို့ပြုလုပ်ပြီး နိုင်ငံခြားသား အရင်းရှင်များနှင့် လက်ဝေခံအစေအပါးများက မြန်မာတိုင်းရင်းသား တောင်သူလယ်သမားများအပေါ် ကုပ်သွေးစုပ်ခေါင်းပုံဖြတ်နိုင်အောင် အခြေအနေများ ဖန်တီးပေးခဲ့ပါသည်။

ယင်းသို့ ကိုလိုနီနယ်ချဲ့အစိုးရ၏ တရားမဲ့ပြုကျင့်မှုများကို မခံမရပ်နိုင်သဖြင့် မြန်မာလယ်သမားထုကြီးက ရရာလက်နက်စွဲကိုင်၍ နယ်ချဲ့အစိုးရအား ပြောင်မြောက်စွာ ဆန့်ကျင်တိုက်ခိုက်ခဲ့သော တောင်သူလယ်သမားအရေးတော်ပုံကြီးသည် မေ့ပျောက်မရသည့် သမိုင်းမှတ်တိုင်ကြီးအဖြစ် တည်ရှိခဲ့ပါသည်။ တောင်သူလယ်သမားအရေးတော်ပုံကြီး၏ နောက်ပိုင်းကာလများတွင် တောင်သူလယ်သမားများပါဝင်သည့် နယ်ချဲ့ဆန့်ကျင်ရေး တိုင်းရင်းသားအင်အားစုများ၏ ပေါင်းစည်းညီညွတ်မှုဖြင့် လွတ်လပ်ရေး ရယူနိုင်ခဲ့ပါသည်။

ယနေ့ အချိန်အခါတွင် နိုင်ငံတော်အစိုးရ၏ မှန်ကန်သော ဦးဆောင်မှုအောက်တွင် တောင်သူလယ်သမားထုကြီး အပါအဝင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းမှုကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာစွာဖြစ်ထွန်းနေပြီး နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ အောင်မြင်လျက်ရှိသည့်အပြင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပုံဖော်ပေးမည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများကို ဆွေးနွေး ညှိနှိုင်း ချမှတ်လျက်ရှိသော အမျိုးသားညီလာခံကြီးကိုလည်း အရှိန်မှန်မှန်ဖြင့် အောင်မြင်စွာ ကျင်းပလျက်ရှိပါသည်။ ယင်းသို့ နိုင်ငံတော်၏ အနာဂတ် အလားအလာကောင်းများ ဖြစ်ထွန်းနေချိန်တွင် ကိုလိုနီနယ်ချဲ့လက်သစ် နိုင်ငံကြီးအချို့က ပြည်တွင်းမှ ယင်းတို့၏ သြဇာခံ ရုပ်သေးရုပ်များနှင့်အမျိုးသား သစ္စာဖောက် ပုဆိန်ရိုးများကို အသုံးချ၍လည်းကောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများတွင် ပါဝင် စွက်ဖက်၍ လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကြီးကိုပင် တလွဲအသုံးချ၍လည်းကောင်း မြန်မာနိုင်ငံကို ယင်းတို့စိတ်တိုင်းကျ လက်ဝါးကြီးအုပ် ခြယ်လှယ်နိုင်ရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိပါသည်။

သို့ဖြစ်၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် လွတ်လပ်ရေး မဆုံးရှုံးစေရေးတို့အတွက် တောင်သူလယ်သမားထုကြီးက မိမိတို့၏ သမိုင်းအစဉ်အလာနှင့် **အညီ နယ်ချဲ့ဆန့်ကျင်ရေးအလံတော်ကို အမြင့်မားဆုံး လွှင့်ထူပြီး ကိုလိုနီနယ်ချဲ့လက်သစ်များနှင့် နယ်ချဲ့သြဇာခံ ပုဆိန်ရိုးတို့၏ အန္တရာယ်ကို စုစည်းခိုင်မာ ညီညွတ်စွာဖြင့် တွန်းလှန် ဖယ်ရှင်းကြရန် လိုပါသည်။**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်သူတစ်ရပ်လုံး၏ စားနပ်ရိက္ခာ ပြည့်ဝစေရေး၊ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့အတွက် ဖန်တီးဖော်ဆောင်ပေးလျက်ရှိသော လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများချမှတ်၍ အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရေး၊ အထွက်နှုန်းတိုးတက်ရေး၊ သီးထပ်စိုက်ပျိုးနိုင်ရေး၊ ဒေသစိမ်းလန်း စိုပြည်ရေးတို့အတွက် လိုအပ်သော စိုက်ပျိုးရေရရှိရေးကို အစဉ်တစိုက် တိုးမြှင့်စီမံပေးလျက်ရှိပါသည်။

ပြည်နယ်နှင့်တိုင်း အသီးသီးတွင် ဆည်မြောင်း တာတမံများကို နိုင်ငံတော်ကဘဏ္ဍာငွေ အမြောက်အမြား ကျခံသုံးစွဲပြီး တိုးတက် တည်ဆောက်လျက်ရှိသကဲ့သို့ တည်ဆောက်ပြီး ဆည်မြောင်းတာတမံများကို ထိန်းသိမ်းခြင်း၊ ရေဝင်ကောင်းပြီး ရေပေးဝေစိုက်ပျိုးနိုင်အောင် စနစ်တကျ စီမံခြင်းလုပ်ငန်းများကို အစဉ်အမြဲ အာရုံစိုက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ စိုက်ပျိုးရေ ရရှိရေးအတွက် ဆည်မြောင်းတာတမံ တည်ဆောက်ရေး လုပ်ငန်းများအပြင် ရေထိန်းတံခါးကြီးများ၊ မြစ်ရေတင် လုပ်ငန်းများ၊ မြေအောက်ရေ ရရှိရေးလုပ်ငန်းများကိုလည်း ရေမြေသဘာဝ အခြေအနေကိုလိုက်၍ ဒေသအနှံ့အပြားတွင် ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိပါသည်။

၁၉၈၈ခုနှစ်မှ ယနေ့အချိန်အထိ လယ်မြေဧက ၂ဒသမ၆သန်းကျော်ကို အကျိုးပြုနိုင်မည့် ဆည်မြောင်းတာတမံပေါင်း ၁၉၆ ခုကို ဘဏ္ဍာငွေ ကျပ်သန်းပေါင်း ၁၅၃၀၀၀ကျော် ကျခံသုံးစွဲ တည်ဆောက်ပေးခဲ့ပြီး ဆည်မြောင်းတာတမံ ၃၉ခုကို လိုအပ်သည့် ပြည်နယ်နှင့် တိုင်းများတွင် ဆက်လက်တည်ဆောက်ပေးလျက်ရှိပါသည်။ မြစ်ရေတင်လုပ်ငန်းအနေဖြင့်လည်း ပြည်နယ်နှင့်တိုင်း ၁၃ခုတွင် ဧကလေးသိန်းခြောက်သောင်းကျော်ကို အကျိုးပြုနိုင်မည့်လုပ်ငန်း ၃၀၅ခုကို တည်ထောင်အကောင်အထည်ဖော်ပေးပြီးဖြစ်ပါသည်။ ဆက်လက်၍လည်း မြစ်ရေတင် လုပ်ငန်း ၃၇ ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရောက်ရှိရန် လယ်ယာသုံးစက်ကိရိယာများ ပိုမိုသုံးစွဲနိုင်ရေး၊ ယင်းစက်ကိရိယာများအတွက် စက်သုံးဆီရရှိရေးနှင့် သီးနှံအထွက်တိုးရန် ဓာတ်မြေသြဇာ တိုးတက်သုံးစွဲနိုင်ရေးတို့ကို နိုင်ငံတော်က စဉ်ဆက်မပြတ်အလေးထား စီမံဆောင်ရွက်ပေးလျက် ရှိပါသည်။ လယ်ယာသုံးစက်ကိရိယာများအတွက် စက်သုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ဇီဝလောင်စာဆီ ထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်သွားရန် နိုင်ငံတော်က အားပေးဆောင်ရွက်နေပြီ ဖြစ်ပါသည်။ တောင်သူလယ်သမားကြီးများအနေဖြင့်လည်း အလွယ်တကူစိုက်ပျိုးထုတ်လုပ်နိုင်ပြီး အသုံးဝင်မှု တန်ဖိုးကြီးမားသည့် ခြံစည်းရိုးကြက်ဆူပင်များကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်သွားရန် တိုက်တွန်းအပ်ပါသည်။

ချစ်ကြည်လေးစားအပ်သော တောင်သူလယ်သမားကြီးများခင်ဗျား–

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော မှန်ကန်သည့်အမျိုးသားရေး မူဝါဒအပေါ်တွင် ခိုင်မာစွာရပ်တည်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ထွန်းရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။

ယင်းမူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပေါ်ထွန်းရေးကို ဖော်ဆောင်မည့် အမျိုးသားညီလာခံကြီး ကျင်းပလျက်ရှိရာတွင် တောင်သူလယ်သမားကြီးများ၏ ကိုယ်စားလှယ်များအနေဖြင့် အမျိုးသားညီလာခံကိုယ်စားလှယ်များအဖြစ် တက်ကြွစွာပါဝင် တက်ရောက် ဆွေးနွေးညှိနှိုင်းလျက်ရှိသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်ရပါသည်။

သို့ဖြစ်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုလျက်–

- **နိုင်ငံတော်၏ အဓိက စီးပွားရေးကဏ္ဍကြီးဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု တိုးတက်ရေးအတွက်လည်းကောင်း၊**
- **ကိုလိုနီနယ်ချဲ့လက်သစ်များနှင့် ယင်းတို့၏ သြဇာခံပုဆိန်ရိုးများ၏ အန္တရာယ်ကို ဟန့်တားကာကွယ်ရေးအတွက်လည်းကောင်း၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် လည်းကောင်း**

တောင်သူလယ်သမားကြီးများက တိုင်းရင်းသားပြည်သူများနှင့်အတူ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။ ။

စစ်ရေးတည်ဆောက်နေသည်ဆိုသည့် ဝေဖန်မှု တရုတ်နိုင်ငံ လက်မခံဘဲ ပယ်ချ

ပေကျင်း မတ် ၁

တရုတ်နိုင်ငံက စစ်ရေးတည်ဆောက်လျက်ရှိသည်ဆိုသော အမေရိကန်နိုင်ငံ၏ ဝေဖန်ပြောကြားမှုကို ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးရှိသည့် တရုတ်နိုင်ငံက ပယ်ချလိုက်သည်။

တရုတ်နိုင်ငံ၏ စစ်ရေး တည်ဆောက်မှုနှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်မိကြောင်း အမေရိကန် ဒုတိယသမ္မတ ဒစ်ချေနီက လွန်ခဲ့သည့် ရက်သတ္တပတ်က ထုတ်ဖော်ပြောကြားသည်။ ဂြိုဟ်တုတစ်လုံးကို ပစ်ချစမ်းသပ်ခြင်းမှာ ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်ပါသည်ဆိုသောတရုတ်အစိုးရ၏ကြေညာချက်နှင့် ကိုက်ညီမှု မရှိကြောင်း ဒစ်ချေနီက ဆက်လက် ဝေဖန်လိုက်သည်။

ဇန်နဝါရီ ၁၁ရက်က မိုးလေဝသ ဂြိုဟ်တုတစ်လုံးကို တရုတ်နိုင်ငံက ဒုံးကျည်ဖြင့် ပစ်ချစမ်းသပ်အောင်မြင်မှုကြောင့် အမေရိကန်၊ ဂျပန်နှင့် အခြားသော အစိုးရများကို အံ့အားသင့်စေခဲ့သည်။

တရုတ်နိုင်ငံသည် ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ရေးလမ်းစဉ်ကို ကိုင်စွဲကြောင်း၊ကမ္ဘာ့ငြိမ်းချမ်းမှုထိန်းသိမ်းရေးနှင့် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရေးအတွက် တရုတ်နိုင်ငံသည် အရေးပါသည့် အင်အားကြီးနိုင်ငံဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ကင်က ပြောကြားသည်။

သက်သေပြ

ဤသဘောထားကို မြောက်ကိုရီးယား၏ နျူကလီးယား အရေးတွင် တရုတ်နိုင်ငံ၏ ရပ်တည်ချက်နှင့် ပါဝင်ဆောင်ရွက်ပေးသည့် အခန်းကဏ္ဍတို့က သက်သေပြနေကြောင်း ၎င်းက ရှင်းလင်း ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဆိုနီကုမ္ပဏီ၏ ဒီဂျစ်တယ်ကင်မရာ ဒီဇိုင်းသစ်များ ပြသနေသည်ကို ဖေဖော်ဝါရီ ၂၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အတ္တလန္တစ် အာကာသယာဉ်ကို ဖေဖော်ဝါရီ ၂၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အတ္တလန္တစ်လောင်စာသိုလှောင်ကန် ယိုယွင်း လွန်းပြန်အာကာသယာဉ် လွှတ်တင်မှုရွှေ့ဆိုင်း

ကိတ်ကာနေဗာရယ် မတ် ၁

အမေရိကန် အာကာသယာဉ် အတ္တလန္တစ်၏ လောင်စာ သိုလှောင်ကန်မှာ နှင်းမုန်တိုင်းကြောင့် ယိုယွင်းသွားသည့်အတွက် အာကာသတွင်း လွှတ်တင်ရေးအစီအစဉ်ကို အနည်းဆုံး တစ်လခန့် ရွှေ့ဆိုင်းရတော့မည်ဖြစ်ကြောင်း နာဆာက ကြေညာသည်။

ပြုပြင်ရန်

မူလက မတ် ၁၅ရက်၌ လွှတ်တင်ရန် စီစဉ်ခဲ့သော်လည်း လောင်စာသိုလှောင်ကန် ယိုယွင်းမှုကို ပြုပြင်ရန်အတွက် ဒုံးပျံပစ်စင်မှ ကနေဒီ အာကာသစခန်းသို့ အတ္တလန္တစ် အာကာသယာဉ်ကို ရွှေ့ရမည်ဖြစ်ကြောင်း သိရသည်။

နာဆာအနေဖြင့် အတ္တလန္တစ် လွန်းပြန်အာကာသယာဉ်ကို အစောဆုံး ဧပြီလကုန်ပိုင်းတွင် လွှတ်တင်နိုင်မည်ဟု သိရသည်။

(အင်တာနက်)

နယ်ပယ်စုံတွင် ပူးပေါင်းဆောင်ရွက်ရေး မလေးရှားနှင့်ဆီးရီးယားတို့ သဘောတူလက်မှတ်ရေးထိုး

ဒမတ်စကတ် မတ် ၁

ဆီးရီးယားနှင့်မလေးရှား နှစ်နိုင်ငံတို့သည် နယ်ပယ်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် နားလည်မှု သဘောတူညီမှုများဆိုင်ရာ စာချုပ်တစ်ရပ်ကို ဖေဖော်ဝါရီ ၂၆ ရက်၌ ဒမတ်စကတ်မြို့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

နှစ်နိုင်ငံတို့အနေဖြင့် ကုန်သွယ်မှုပြုရာတွင် အခွန်နှစ်ထပ်ဖြစ်မှုကို ဖယ်ရှားရေးနှင့် ဆီးရီးယားလေဆိပ်များ အဆင့်မြှင့်တင်ရေးတို့ အပါအဝင် ဒမတ်စကတ်မြို့ရှိ လမ်းစီမံကိန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြသည်။

လက်မှတ်ရေးထိုး

အဆိုပါ သဘောတူညီချက်ကို ဆီးရီးယား ဝန်ကြီးချုပ် မိုဟာမက်နာဂျေအော့ရီနှင့် မလေးရှား ဝန်ကြီးချုပ် ဒါတွစ်စီရီအဗ္ဗဒူလာ အာမက်ဘာဒါဝီတို့က လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။

ဆောင်ရွက်

ဆီးရီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မလေးရှားနိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်ရမှုကို တန်ဖိုးထားပါကြောင်း၊ နှစ်နိုင်ငံအကျိုးရလဒ်များ အတူမျှဝေ ခံစားကြမည်ဖြစ်ကြောင်း ဆီးရီးယားဝန်ကြီးချုပ် မိုဟာမက်နာဂျေအော့ရီက ပြောကြားသည်။

မလေးရှားနှင့် ဆီးရီးယား နှစ်နိုင်ငံ ကုန်သွယ်မှုသည် ၂၀၀၅နှစ်က အမေရိကန် ဒေါ်လာ ၁၁၉ သန်းခန့် ရှိခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်၌ လမ်းဘေးဗုံးပေါက်ကွဲ

ဘဂ္ဂဒက် မတ် ၁

ဖေဖော်ဝါရီ ၂၆ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုနှင့် မော်တာဖြင့် ပစ်ခတ်မှုကြောင့် လူသုံးဦး သေဆုံးခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များအပါအဝင်သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေး ဝန်ကြီးဌာန သတင်းရပ်ကွက်က ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းနေ့ နံနက်ပိုင်းက ဘဂ္ဂဒက်တောင်ပိုင်း ရမ်စ်တာမီရက်ချ် ဒေသအတွင်း ဖြတ်သန်းမောင်းနှင်သွားသော ကင်းလှည့်ကားအနီးတွင် လမ်းဘေးဗုံးပေါက်ကွဲခဲ့ရာ ၎င်းကားပျက်စီးသွားပြီး ယာဉ်ပေါ်ပါ ရဲသားနှစ်ဦးနှင့် အခြားတစ်ဦး သေဆုံးခဲ့ကြောင်း အမည်မဖော်လိုသော သတင်းရပ်ကွက်က ဆင်ဟွာသို့ ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်တာနက် – ကျန်းမာရေး

သရေစာ စားသုံးခြင်းကြောင့် အဝလွန်မှုဖြစ်ပေါ်နိုင်

လန်ဒန် မတ် ၁

အပိုစားသုံးသည့် အစားအသောက်များသည် လူတို့အား အဝလွန်မှုကို ဖြစ်စေရာတွင် အဓိက အချက်တစ်ချက်အနေဖြင့် ပါဝင်ကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားလိုက်သည်။

အကြံပြု

လူတို့အနေဖြင့် ပုံမှန်စားသုံးနေကျ နံနက်စာ၊ နေ့လယ်စာနှင့် ညစာ စားသုံးမှုမှအပ ကြားအချိန်များ၌ အပိုအစားအစာများ စားသုံးမှုကို ရှောင်ကြဉ်သင့်ကြကြောင်း ၎င်းတို့က အကြံပြုထားသည်။

ကမ္ဘာပေါ်တွင် အဝလွန်သော လူဦးရေများပြားလာရခြင်းမှာ အများအားဖြင့် အပိုအစားအစာများဖြစ်သော လက်ဖက်ရည်၊ ကော်ဖီနှင့် အခြားသရေစာများ စားသုံးမှုလွန်ကဲကြခြင်းကြောင့် ဖြစ်သည်ဟုလည်း ၎င်းတို့က ပြောကြားသည်။

သုတေသနပြု

အဝလွန်သော လူ ၂၀၀၀ခန့်ကို သုတေသနပြုကြည့်ခဲ့ရာ အပိုအစားအစာများကို နှစ်ခြိုက်စွာ စားသုံးသည့် အရေအတွက်သည် ၆၅ ရာခိုင်နှုန်းခန့် ရှိနေကြောင်း၊ ထိုသူများသည် အပိုအစားအစာများကို လွန်ကဲစွာ စားသုံးသူများ ဖြစ်ကြောင်းလည်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

ဗီတာမင်အချို့ အသက်အန္တရာယ်ထိခိုက် ဖင်လန်သုတေသီများ လေ့လာတွေ့ရှိ

ကိုပင်ဟေဂင် မတ် ၁

ကျန်းမာသက်ရှည်ရေးအတွက် အချို့သော ဗီတာမင်ဖြည့်စွက် ဆေးစားသုံးမှုက အသက်ရှည်ရမည့်အစား အသက်တိုအောင် ဆိုးဆိုးရွားရွား အကျိုးသက်ရောက်နိုင်စေသည်ဟု သုတေသီများက သတိပေးထားသည်။

အားထား စားသုံး

ကမ္ဘာတစ်ဝန်းတွင် ဗီတာမင်အေ၊ ဗီတာမင်အီးနှင့်ဘီတာကာလိုတင်းဆေး (အောက်ပုံ) **တို့ကို ပြည်သူသန်းပေါင်းများစွာတို့က ရောဂါကင်းဝေး ကျန်းမာရေး အတွက် အားထား စားသုံးနေကြသည်။**

ထိုဆေးများက အသက်အန္တရာယ်ကို လျော့ပါးမသွားစေဘဲ အန္တရာယ်ပိုများကြောင်း ကိုပင်ဟေဂင်တက္ကသိုလ် သုတေသီများက အကြံပြုလိုက်သည်။

ကိုပင်ဟေဂင်တက္ကသိုလ် သုတေသီများ၏ လေ့လာတွေ့ရှိချက်မှာ အားနည်းချက်များ ပြည့်နေသည်ဟု အမေရိကန် ဆေးဝါးအသင်း ဂျာနယ်တွင် ကျွမ်းကျင်သူတစ်ဦးက ရေးသားလိုက်သည်။

သို့သော် အာဟာရဗေဒပညာရှင်များကမူ ကျန်းမာ အသက်ရှည်လိုလျှင် ထိုဖြည့်စွက်ဆေးများကို အားကိုးနေမည့်အစား ပြည်သူတို့အနေဖြင့် အစားအစာစုံကို မျှတအောင်စားရန် လိုအပ်သည်ဟု ပြောကြားသည်။ (အင်တာနက်)

2-3 (04) 1 3/2/07, 1:22 PM

ကန်ကြီးထောင့်မြို့ ပဒေါင်းပိုင်း (မြို့ပြလမ်း)နှင့် သာယာကုန်း ပိတောက်ပင် ကျေးလက်ကျောက်ချောလမ်းဖွင့်

ရန်ကုန် မတ် ၁

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော ကန်ကြီးထောင့်မြို့ ပဒေါင်းပိုင်း(မြို့ပြလမ်း)နှင့် သာယာကုန်း ပိတောက်ပင် ကျေးလက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်ချီးမြှင့်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် အဖွဲ့သည် ကျောက်ချောလမ်းသစ်ကို လှည့်လည် ကြည့်ရှုသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပုသိမ်မြို့ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံအမှာစကား ပြောကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ညပိုင်းတွင် ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းဇော်နှင့် တိုင်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ပုသိမ်၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ကျုံပျော်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအား တွေ့ဆုံဆွေးနွေးအမှာစကားပြောကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဦးလွန်းမောင်-ဒေါ်ပုတို့အား ရည်စူး၍ ရန်ကုန်မြို့ အင်းစိန် မြို့နယ် နံ့သာကုန်း ရပ်ကွက် အဝေရာလမ်း အမှတ် ၅၃၀ (က)နေ ဦးခင်မောင်လွင်-ဒေါ်ခင်ငြိမ်း၊ သားမောင်ကျော်သူ၊ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းနှစ်သောင်းငါးထောင်ကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဒဂုံမြို့သစ်(တောင်ပိုင်း) စက်မှုဇုန်အမှတ်(၁)ရှိ သစ်အချောထည်စက်ရုံများ ကျွန်းသစ်ခွဲသားနှင့်ပရိဘောဂပစ္စည်းများ အာရှနှင့်ဥရောပနိုင်ငံများသို့ တင်ပို့လျက်ရှိ

ရန်ကုန် မတ် ၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန်အမှတ်(၁)ရှိ စန်ဖိုကိုသစ်အချောထည်စက်ရုံသို့ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမန်နေဂျာ ဒေါ်သီတာအေးက လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး မန်နေဂျင်းဒါရိုက်တာ ဦးလင်းဝင်း၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ ဦးကြည်စိန်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြ၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း နိုင်ငံခြားတင်ပို့ရန် သစ်အချောထည်များ ထုပ်ပိုးထားရှိမှု၊ ပရိဘောဂပစ္စည်းများ ထုတ်လုပ်ပုံအဆင့်ဆင့်နှင့် သစ်ပေါင်းခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

တင်ပို့ရောင်းချ

အဆိုပါစက်ရုံကို ထိုင်းနိုင်ငံ Santi Forestry Group က ရာခိုင်နှုန်း ၁၀၀ ရင်းနှီးမြှုပ်နှံထားပြီး ကျွန်းသစ်ခွဲသားများနှင့် ပရိဘောဂပစ္စည်းများကို ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် ဝန်ကြီးသည် အောင်စိန်လင်း ကုမ္ပဏီ သစ်အချောထည်စက်ရုံသို့ ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်တွင် မန်နေဂျာ ဦးဇော်ဝင်းက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဦးလင်းဝင်းနှင့် မြန်မာ့သစ်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြ၍ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်၊ ခွဲစိတ်ပြီးသစ်ခွဲသားများ၊ သစ်ပေါင်းခန်းနှင့် နိုင်ငံခြားတင်ပို့ရန် ထုပ်ပိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစက်ရုံက ကျွန်း၊ပျဉ်းကတိုးနှင့် တောင်သရက်တန်ဖိုးမြှင့်ခွဲသားများနှင့် ဥယျာဉ်သုံး ပရိဘောဂများကို ထိုင်းနိုင်ငံ၊ဗြိတိန်နိုင်ငံ၊ ဥရောပနိုင်ငံများနှင့် အာရှနိုင်ငံများသို့တင်ပို့ရောင်းချလျက်ရှိကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန်အမှတ်(၁)ရှိ စန်ဖိုကို သစ်အချောထည်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယောဒသေဖွား ဘွဲ့ခံဆရာတော်ကြီးများအား ထပ်ဆင့်ပူဇာသဘင် ကျင်းပမည်

ရန်ကုန် မတ် ၁

၁၃၆၈ ခုနှစ် နိုင်ငံတော်အစိုးရ၏ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၁) ဘုန်းတော်ကြီးသင် ပညာသင်ကျောင်းမှ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ဘဒ္ဒန္တ မဟိန္ဒ၊ ကလေးမြို့ မဟာဝိသုဒ္ဓါရုံစာသင်တိုက်မှ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတဘွဲ့ရ ဘဒ္ဒန္တတေဇဝန္တနှင့် ဂန့်ဂေါမြို့ ခေမာသီဝံ စာသင်တိုက်မှ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်ရ ဘဒ္ဒန္တဝိလာသတို့အား ယောနယ်အသင်း (ရန်ကုန်) မှကြီးမှူး၍ ယောနယ်သူ၊ ယောနယ်သားများနှင့် ဓမ္မမိတ်ဆွေပေါင်းမှ ဂုဏ ပူဇာသဘင်ကို (၁၃၆၈ခုနှစ် တပေါင်းလပြည့်ကျော် ၁ရက်) မတ် ၃ ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ယောနယ်အသင်းတိုက် အမှတ်၂၀၂ လမ်း၄၀ ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်သည်။

လှူဖွယ်ဝတ္ထုများ လှူဒါန်းလိုသူများသည် ကြိုတင်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

နေပြည်တော် မတ် ၁

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ မတ် ၁ ရက်မှ ၂ ရက်အထိ ကျင်းပမည့် အရှေ့အာရှနှင့် အရှေ့တောင်အာရှဒေသ ထောင်စုနှစ် ဖွံ့ဖြိုးရည်မှန်းချက်များ (အမ်ဒီဂျီ)ဆိုင်ရာ ဖိုရမ်သို့ တက်ရောက်ရန် နေပြည်တော်လေဆိပ်မှ ယမန်နေ့ နံနက်ပိုင်းက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

လိုက်ပါသွား

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းလင်းလည်း လိုက်ပါသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေး

ရန်ကုန် မတ် ၁

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်းရှိကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို အမှတ်(၁၄)ရပ်ကွက်ရှိ ဓမ္မသုတ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပရာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖြစ်ကြသောဓမ္မသစ္စာ၊ဓမ္မအောင်သုခ၊ဓမ္မပါလ၊ စိတ္တာသုခနှင့် အလိမ္မာဥယျာဉ် စာကြည့်တိုက်တို့မှ စာကြည့်တိုက် ကော်မတီဝင်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ဆွေးနွေး

ယင်းအလုပ်ရုံဆွေးနွေးပွဲတွင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြအေးက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ စာအုပ်စာစောင်များ တိုးပွားရေး၊ တိုးပွားလာသည့် စာအုပ်၊ စာစောင်များ ထိန်းသိမ်းရေး၊ရန်ပုံငွေရရှိရေးဆွေးနွေးပြီးစာကြည့်တိုက်မှတ်ပုံတင်ကျပြီးသည့် အလိမ္မာဥယျာဉ်နှင့်စိတ္တာသုခ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ မှတ်ပုံတင်အသိအမှတ်ပြု မှတ်တမ်းလွှာများ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

အလှူငွေပေးအပ်

ဖေဖော်ဝါရီ၂၄ရက်က မြောက်ဥက္ကလာပမြို့နယ် အမှတ်(၃၉) အခြေခံပညာ မူလတန်းကျောင်း မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲတွင် မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ကျော်စိုးက ကျောင်းပြုပြင်ရန် အလှူငွေကျပ်ငါးသိန်းကို မြို့နယ်ပညာရေးမှူး ဒေါ်မိမိငယ်ထံ ပေးအပ်စဉ်။ (က-ပ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားများသို့ တက်ရောက်တော်မူကြမည့် ပြည်ပနိုင်ငံအသီးသီးမှ ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်များ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြစဉ်။ (သတင်းစဉ်)

ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ပြည်ပဘွဲ့ခံဆရာတော်ကြီးများ ကြွရောက်

ရန်ကုန် မတ် ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားများသို့ တက်ရောက်တော်မူကြမည့် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ နီပေါနိုင်ငံနှင့် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံတို့မှ ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် ဘွဲ့တံဆိပ်တော်ရလူပုဂ္ဂိုလ်များသည် ယမန်နေ့ညပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ကြွရောက်တော်မူလာကြသည်။

ကြိုဆိုပင့်ဆောင်

အဆိုပါ ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် ဘွဲ့တံဆိပ်တော်ရလူပုဂ္ဂိုလ်များအား သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဖူးမြော်ကြည်ညိုကြပြီး ခေတ္တသီတင်းသုံးတော်မူမည့် မဟာသန္တိသုခကျောင်းတော်သို့ မော်တော်ယာဉ်များဖြင့် ကြိုဆိုပင့်ဆောင်ကြသည်။ **(သတင်းစဉ်)**

နိမ္မလသာသနာနုဂ္ဂဟကာရီ သိမ်တော်ကြီး ရေစက်ချအလှူတော်မင်္ဂလာကျင်းပမည်

ရန်ကုန် မတ် ၁

မွန်ပြည်နယ် မော်လမြိုင်မြို့ သာသနာ့မာန်အောင်ဝဲပုံ့စာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် တိပိဋကဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိဇယာဘိဝံသအား ဦးထိပ်ထား၍ ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်း မြစ်ကမ်းသာအိမ်ရာ အမှတ်၄၂နေ ဦးကြည်-ဒေါ်မြင့်၊ သားဦးကျော်ကျော်-ဒေါ်ခင်မေလင်း မိသားစုနှင့် အလှူရှင်များက ငွေကျပ် သိန်း ၄၀၀ကျော် အကုန်အကျခံ တည်ဆောက်ပြီးစီးသွားသည့် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ မြောက်ဘက်မုခ်အနီး မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်းရှိ နိမ္မလသာသနာနုဂ္ဂဟကာရီသိမ်တော်ကြီးနှင့် သာသနိကအဆောက်အအုံများကို မတ် ၂ ရက် (တပေါင်းလပြည့်နေ့)တွင် အဆိုပါ သိမ်တော်ကြီး၌ ရေစက်ချလှူဒါန်းပွဲကျင်းပမည်ဖြစ်ရာ အလှူရှင်များအားလုံး ကြွရောက်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

သိမ်တော်ကြီး နိမ္မလသာသနာနုဂ္ဂဟကာရီ ရေစက်ချမင်္ဂလာအထိမ်းအမှတ်အဖြစ်(အဖိတ်နေ့) မတ် ၁ ရက် ညနှင့် ၂ ရက် ညများတွင် မြန်မာ့ဇာတ်သဘင်၊ လက်ရွေးစင်ခြင်းခတ်ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ **(က-ပ)**

ရူပဗေဒကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် မတ် ၁

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ၁၉၇၂-၇၇ ရူပဗေဒ ကျောင်းသားကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများအားလုံးမပျက်မကွက် တက်ရောက်ကြရန်နှင့် ဦးကြင်ဟိုး ဖုန်း-၅၂၅၈၂၂၊ ဒေါ်ရီရီဝင်းရှိန် ဖုန်း-၅၀၇၀၃၈၊ ဦးဝင်းမြင့် ဖုန်း-၅၂၆၇၁၇၊ ဦးမြင့်ဝင်း ဖုန်း-၂၅၆၅၀၆၊ ၂၂၀၇၆၄နှင့် ဦးချစ်စိန် ဖုန်း-၀၉-၅၁-၆၈၃၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သံဃာတော်မြတ် မပြတ်ပူဇော်

❑ မပျံ့လွင့်ကြ မာနမရှိ
ကင်းဘိလျှပ်ပေါ် ပြောသော်မကြမ်း
မြဲတမ်းနှုတ်စောင့် တည်ဖြောင့်သတိ
တော်တည့်သိမြင် စဉ်တည်ကြည်တုံ
အာရုံတစ်ခုတည်း စောင့်စည်းဣန္ဒြေ
ဆယ်ထွေပြည့်ဝ ဂုဏ်ရှိရမှတ်
ပရိသတ်ဟု ညွှန်းပြုကျော်ကြား
သံဃာအားကို ထူးခြားစဉ်သာ
ကိုးကွယ်ပါ၏ သာသနာထွန်းပလင်းစေသော်။ ။

ဒေါက်တာသန်းဦး

အလက(၂)ဗဟန်း အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁

ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၏ နှစ်ခြောက်ဆယ်ပြည့် အထိမ်းအမှတ် (၁၉၄၇- ၂၀၀၇)နှင့် အာစရိယပူဇော်ပွဲကို ၂၀၀၇ ခုနှစ် ဧပြီလလယ်၌ ကျင်းပမည်ဖြစ်ရာ ၁၉၉၀-၂၀၀၇ခုနှစ်အတွင်း ကျောင်းနေခဲ့ကြသော ကျောင်းသူ ကျောင်းသားဟောင်းများသည် ရန်အောင်မိုး ဖုန်း-၅၅၄၁၀၀ လိုင်းခွဲ(၂၉၇)၊ ဇွန်သဲစု ဖုန်း-၅၅၆၃၇၆၊ ချောကေခိုင် ဖုန်း-၅၅၆၆၇၁၊ဖြိုးဝေဇင် ဖုန်း-၅၅၅၈၄၈၊ငုဝါကျော် ဖုန်း-၅၄၉၀၄၁ နှင့် ချမ်းမြရွှေခြူ ဖုန်း-၅၄၃၈၉၉တို့သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ပညာရေး)**

ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၅) ထွက်နေပြီ

ရန်ကုန် မတ် ၁

မြန်မာ့ဆယ့်နှစ်လရာသီ၏ နောက်ဆုံးလဖြစ်သော တပေါင်းလ၊ မိန်ရာသီအခါသမယတွင် သရဖီပန်း၊ အင်ကြင်းပန်းတို့၏ မွှေးရနံ့များနှင့်အတူ ကျေးလက်နေပြည်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတ၊ ရသ၊ ဗဟုသုတ အဖြာဖြာတို့ကို ဖော်ပြပေးလျက်ရှိသည့် ဒို့ကျေးရွာ ဂျာနယ် အတွဲ(၄)၊ အမှတ်(၅)ကို ၂၀၀၇ ခုနှစ် မတ် ၁ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(အပေါ်ပုံ)**

ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် စက်သုံးဆီ လိုအပ်ချက်ဖြည့်ဆည်းဖို့ ခြစည်းရိုးကြက်ဆူစိုက်ကြစို့၊ မော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာမှ မြန်မာ့တံမြက်စည်း၊ သီးနှံနှင့် မိုးလေဝသဟန်ချက်ညီညီ စိုက်ပျိုးကြ၊ ကွမ်းသီးခြံတွင် ငရုတ်ကောင်းသီးညှပ်စိုက်ပျိုးခြင်း၊ ဆီထွက်သည့် ပန်းနှမ်း၊ အလင်းခေတ်၊ ဒို့ကျေးရွာသားလုံမများ ကစားကြရာဝယ်၊ လူဖြစ်ရကျိုးနပ်ပါစေ၊ နောက်ဖေးခံတက် စီးပွားတက်၊ ပိန္နဲသီးနှင့် အာဟာရ၊ ဆေးဖက်ဝင်မာလကာပင်၊ နွေရာသီအခါ ကျန်းမာရေး ဂရုပြုစရာ၊ကျွဲ၊ နွား ဒေါင့်သန်းရောဂါ၊ ယုန်မွေးမြူရေး၊ ကံကောင်းတဲ့ကျန်ကျောင်း၊ မြန်မာတို့ ချစ်သည့် ကိုရီးယားမင်းသားရိုဆက် စသည့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ဆောင်းပါးများနှင့် ဗဟုသုတဖြစ်ဖွယ်ရာ သတင်း၊ ဝတ္ထုတို၊ ပုံပြင်၊ ကဗျာ၊ ကာတွန်းများဖြင့် သုတ၊ ရသစုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများ၌ ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ် ၂၂/၂၄၊ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အခန်း(၄) လိုင်း(င) စည်ပင်သာယာဝင်း မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဗိုလ်မှူးတင်ထွန်းဝင်း(ငြိမ်း) (ဒုတိယဌာနမှူး၊ ရန်ကုန်မြို့တော်စည်ပင်)- ဒေါ်ခင်ယုမေ (အထက-၁၊ဒဂုံ)၊ သမီး ပွင့်သဇင်၊ သား လရောင်ထွန်း မိသားစုက ငွေရတုနှစ်ပတ်လည်မင်္ဂလာအလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဆောက်လုပ်နေသော ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။ (က-ပ)

မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ မီးလောင်ကျွမ်းမှုဖြစ်ပွား

ရန်ကုန် မတ် ၁

မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ပြည်လုံးချမ်းသာရပ်ကွက် လမ်း ၈၀ နှင့် ၈၁ လမ်းကြား၊ ၁၂ လမ်း၌ ဖေဖော်ဝါရီ ၂၈ရက် မွန်းလွဲ ၂နာရီတွင် ကားအတွင်းမှ ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီထုတ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ ဗင်ကားနှစ်စီး တာယာများနှင့် ထိုင်ခုံများ မီးလောင်ကျွမ်းခဲ့သည်။

တနင်္သာရီတိုင်း ထားဝယ်မြို့နယ် ကြက်စာပြင်ရပ်ကွက် မင်းရပ် ကူးတို့လမ်းရှိ ဒေါ်ခင်သိမ့်၏ နေအိမ်၌ ဖေဖော်ဝါရီ ၂၈ရက် ည ၁၁နာရီခန့်တွင် ဖယောင်းတိုင်မီးထွန်းရာမှ မီးကူးစက်လောင်ကျွမ်းသဖြင့် နေအိမ်တစ်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

The Live News ဂျာနယ် အမှတ်(၂၆)ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေ ဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၂၆) ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

တာချီလိတ်မှ မိုင်းဖြတ်-ကျိုင်းတုံသို့၊ မိဘမဲ့ကလေးများအတွက်ရန်ပုံငွေ ဈေးရောင်းပွဲတော်ကြီး အောင်မြင်စွာကျင်းပပြီးစီး၊ အနုပညာမြောက်သော ဘွန်ဇိုင်းသစ်ပင်စိုက်ပျိုးခြင်းဖြင့် စိတ်သောက အပူအပင်များ ကင်းဝေးနိုင်၊ ဒစ်ဂျစ်တယ်ကင်မရာများတွင် အားသာချက်များရှိနေသော်လည်း ဈေးနှုန်းအရ လူတိုင်းဝယ်ကိုင်ရန် မဖြစ်နိုင်သေး၊ ပန်းမျိုးစုံလင် သီရိနန္ဒာပျိုးဥယျာဉ်၊ ရန်ကုန်မြို့ကြီးရဲ့ ရှေးဦးကာလက နယ်ချဲ့တို့ရဲ့ စီးပွားရေးဈေးကွက်၊ မင်္ဂလာပါ၊ စင်ကာပူမှ ကမ္ဘာ့အကြီးဆုံးချားရဟတ်ကြီး၊ ဗြိတိသျှနန်းလျာမင်းသားဟယ်ရီ အီရတ်စစ်မြေပြင်တွင် တာဝန်ထမ်းဆောင်ရမည်၊ အမေရိကန်ဒုံးပျံကာကွယ်ရေးစနစ် ဗြိတိန်တွင်ဖြန့်ကြက်ချထားရေး တိုနီဘလဲကြိုးပမ်းလျက်ရှိ၊ အီရတ်စစ်ဆင်ရေး အရှိန်မြှင့်တင်မှု အမှန်တကယ် လုံခြုံရေးကို ဆောင်ကြဉ်းပေးနိုင်ပါမည်လော၊ အမေရိကန်နိုင်ငံမှ ထုတ်လုပ်သည့် မြေပဲထောပတ်နှစ်မျိုးအား တရုတ်ကျန်းမာရေးဌာနမှ တားမြစ်ပိတ်ပင်၊ အကြီးအကျယ် ဆူလောင်မြည်ဟိန်းသွားသော ပစိဖိတ်သမုဒ္ဒရာ၊ ယမ်းငွေ့ကြားမှ အိန္ဒိယ-ပါကစ္စတန် ဆက်ဆံရေး၊ ရောင်းမစွံသည့် ဈေးသည်ကြီး ဒစ်ချေနီ၊ တက္ကစီမင်းနှင့် ကားပွဲစားဇနီးမောင်နှံ၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများ စသည့်သတင်း၊ဆောင်းပါး၊အားကစား၊ အနုပညာကဏ္ဍများကို ကိုကိုလှိုင်၊ မြင်းမူမောင်နိုင်မိုး၊ မောင်မြတ်မွန်(ဆူးလေ)၊ မသဲဖြူ(ရွှေဘို)၊ မောင်နေလင်း၊ နီငြိမ်း(အညာတက္ကသိုလ်)၊ မမြခက်နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာတင်ဆက်ထားသည်။

The Live News ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိုစ္စဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း- ၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မီးကြွင်းမီးကျန် မရှိရန် အစဉ်သတိ အမြဲရှိ

နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ပညာရပ်စွမ်းအားဖြင့် တစ်ရှိန်ထိုးမြှင့်တင်နိုင်ရေး အရည်အသွေးမြင့်လူ့စွမ်းအားအရင်းအမြစ်များ နယ်ပယ်ကဏ္ဍစုံတွင် အင်နှင့်အားနှင့်မွေးထုတ်

နေပြည်တော် မတ် ၁

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက်နံနက် ၉ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။ အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

> **အမှာစကားပြောကြား**
>
> ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တက္ကသိုလ် ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲတွင် အမှာစကား ပြောကြားစဉ်။
>
> (သတင်းစဉ်)

အမှာစကားပြောကြား

သင်တန်းဆင်းပွဲအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်စား ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ် ကဏ္ဍစုံတွင် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာများခေတ်နှင့်အညီ တိုးတက်ဖြစ်ထွန်းပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ပညာရပ်ဆိုင်ရာစွမ်းအားနှင့် တစ်ရှိန်ထိုး မြှင့်တင်နိုင်စေရအောင်၊ တစ်နည်းအားဖြင့် ဖွံ့ဖြိုးမှု Take-Off ဖြစ်စေရအောင် ကြိုးပမ်း ဆောင်ရွက်ရမည့် အချိန်အခါကောင်းကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ပြုစုပျိုးထောင်

ဤလို အခြေအနေ အချိန်အခါမျိုးတွင် ဝိဇ္ဇာ၊ သိပ္ပံပညာရှင်များ၊ ဆေးသိပ္ပံပညာရှင်များ၊ ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ၊ ကွန်ပျူတာပညာရှင်များ၊ ရေကြောင်း၊ လေကြောင်းနှင့်အာကာသဆိုင်ရာပညာရှင်များ၊ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာပညာရှင်များသည် အရည်အသွေးမြင့်လူ့စွမ်းအား အရင်းအမြစ်များ နယ်ပယ်ကဏ္ဍစုံတွင် အင်နှင့်အားနှင့် ပြုစုပျိုးထောင် မွေးထုတ်ထားနိုင်ရန် အလွန်ပင်အရေးကြီးကြောင်း။

သိပ္ပံနှင့်နည်းပညာရပ်များ ခေတ်နှင့်လျော်ညီစွာ တိုးတက်ထွန်းကားမှု၊ အရည်အသွေးမြင့်မားသည့် အသိပညာရှင် အတတ်ပညာရှင်များ ပြည့်စုံလုံလောက်မှုစွမ်းအားများကသာလျှင် အမျိုးသားစီးပွားရေး ခနအင်အား တိုးတက်ခိုင်မာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရအောင် စွမ်းဆောင်ပေးနိုင်မည်ဖြစ်ကြောင်း။

အမျိုးသားရေးအမြင်

ဤလို အခြေအနေ အချိန်အခါမျိုးတွင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် သာမန်ကြိုးပမ်းအားထုတ်မှုမျှဖြင့် မလုံလောက်နိုင်ဘဲ ပညာရေးကို အမျိုးသားရေးအမြင်နှင့် ယှဉ်တွဲမြှင့်တင်ပေးနိုင်မှသာ မိမိနိုင်ငံမိမိလူမျိုးတိုးတက်ကြီးပွားအောင်၊ အမျိုးသား ခနအင်အား ပြည့်ဝခိုင်မာအောင် စွမ်းဆောင် ပေးနိုင်မည့်အပြင် တိုင်းတစ်ပါးက ဩဇာပေး စွက်ဖက်ခြယ်လှယ်မှု၊ ဖိအားပေးအကျပ်ကိုင်မှုများကို ရင်ဆိုင်တွန်းလှန်နိုင်သည့် စွမ်းရည်ရောစိတ်ဓာတ်နှင့်ပါ ပြည့်စုံသည့် မျိုးဆက်သစ် လူငယ်များ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ နယ်ပယ်ကဏ္ဍစုံ၊ နေရာဒေသစုံတွင် အင်အားကြီးမားကျယ်ပြန့်ခိုင်ခံ့စွာ ဖြစ်ထွန်းလာစေရန် ရည်မှန်းပြီးအခြေခံပညာသင်ယူခွင့် အခွင့်အလမ်းများကို ကျေးလက်အထိရောက်အောင်၊ အဆင့်မြင့်ပညာသင်ယူခွင့် အခွင့်အလမ်းများကို ပြည်နယ်၊တိုင်းအသီးသီး၏ အချက်အချာ ဒေသများအထိရောက်အောင် စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များကို စနစ်တကျဖြန့်ကြက်လွှမ်းခြုံ ဖွင့်လှစ်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ဖြန့်ကြက်ထူထောင်

ပေါ်ထွန်းလာသည့်စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် နယ်မြေဒေသမရွေး ပညာရည်အရည်အသွေးညီညွတ်မျှတစေရန် အတွက်လည်း Multi-Media Classroom များ၊ e-Learning Centre များ၊ ခေတ်မီဓာတ်ခွဲခန်းများ၊ လက်တွေ့ခန်းနှင့် အလုပ်ရုံများကို ဆိုင်ရာဆိုင်ရာ အဆင့်များနှင့် လျော်ညီစွာ ဖြန့်ကြက်ထူထောင်ပေးထားပြီးဖြစ်ကြောင်း။ တစ်နိုင်ငံလုံး လွှမ်းခြုံသည့် အဆင့်မြင့်နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများအနေဖြင့် Data-broadcasting System နှင့် Computer Network များကိုလည်း ဖန်တီးပေးထားပြီး ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း နိုင်ငံတကာ၌ တိုးတက်ဖြစ်ထွန်းနေသည့် သိပ္ပံနှင့်နည်းပညာရပ်များနှင့် လိုက်လျောညီထွေစွာ တက္ကသိုလ်ကောလိပ် အသီးသီး၌ ပညာရပ်မျိုးကွဲများ၊ ပေါင်းစပ်ဘာသာရပ်များ တိုးချဲ့ဖွင့်လှစ်ပေးထားပြီး အဆင့်မြင့် သုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်နေသကဲ့သို့ ပညာရပ်အလိုက် တက္ကသိုလ်အသီးသီးကိုလည်း တိုးချဲ့ထူထောင်ပေးထားပြီးဖြစ်ကြောင်း၊ တစ်နည်းပြောရလျှင် အဆင့်မြင့်ပညာကဏ္ဍ၏ "အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရပ်ဆိုင်ရာ Diversification and Specialization ကို ညီညွတ်မျှတစွာ ဟန်ချက်ညီညီ ဖော်ဆောင်သွားနိုင်မည့် အခြေခံအဆောက်အအုံများ၊ ပညာရေးပတ်ဝန်းကျင်ကောင်းများကို စနစ်တကျ ဖန်တီးပေးထားခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမတို့အနေဖြင့် နိုင်ငံတော်အစိုးရက စီမံဖန်တီးပေးထားသည့် ပညာရေးဆိုင်ရာ အခြေခံ အဆောက်အအုံများ၊ ပညာရေးပတ်ဝန်းကျင်ကောင်းများကို ပညာရည်တိုးတက် ဖွံ့ဖြိုးရေးအတွက် အကျိုးရှိထိရောက်စွာ အစွမ်းကုန်အသုံးပြုသွားကြရန်၊ ဤသို့ အသုံးပြုနိုင်သည့် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးပေးရန် လိုအပ်သည့် Facilities များ တိုးပွားလာအောင် စီမံဆောင်ရွက်ကြရန် ဆက်လက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပညာရပ်ဆိုင်ရာ နယ်ပယ်ကဏ္ဍစုံ လင်အောင်လုပ်ရင်း ပညာရပ်နယ်ပယ်စုံတွင် ပညာရှင်များ တိုးပွားဖြစ်ထွန်းလာအောင် Intensive Learning အနေနှင့် သုတေသနလုပ်ငန်းများ တိုးပွားလာအောင် တက္ကသိုလ်၊ ကောလိပ်များအလိုက် ရေတိုရေရှည် စီမံချက်များ ချမှတ်ပြီး ဆောင်ရွက်ကြရဦးမည်ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

တက္ကသိုလ်၊ ကောလိပ်တိုင်းသည် ဆိုင်ရာဆိုင်ရာ ကဏ္ဍများအလိုက် ပိုမိုမြင့်မားသည့် ပညာကိုလေ့လာနေသည့် ကြီးမားကျယ်ပြန့်ပြီး အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်အစုအဝေး စွမ်းအားစုကြီးအဖြစ် ဖြစ်ထွန်းနေစေရန်လိုကြောင်း၊ ဤအတွက် ပညာရေးနယ်ပယ်နှင့် လူ့ဘောင်အဖွဲ့အစည်း ဆက်စပ်ပေးရမည်ဖြစ်သကဲ့သို့ ပညာရေးနယ်ပယ်အချင်းချင်း၊ တက္ကသိုလ်၊ ကောလိပ်အချင်းချင်း ကွန်ရက်သဖွယ်ချိတ်ဆက်ပြီး အစဉ်ထာဝရ သက်ဝင်လှုပ်ရှားနေသည့် ပညာမျှဝေပြန့်ပွားမှုဖြစ်စဉ်တစ်ရပ် ပီပီပြင်ပြင် ဖြစ်ထွန်းနေစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများအားလုံးကလည်း မိမိနိုင်ငံမိမိလူမျိုး တိုးတက်ကြီးပွားမှု၊ ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲမှု အကျိုးရလဒ်ကောင်းများ ဖန်တီးဖော်ဆောင်ပေးနိုင်မည့် အမျိုးသားပညာရည် မြင့်မားမှု၊ အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားပေါ်ထွန်းမှု စွမ်းအားကောင်းများ တိုးတက်ဖြစ်ထွန်း နေစေရအောင်အမျိုးသားရေးအသိနှင့်ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု ပြောကြားသွားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းသား စံပြဆုရ ကျောင်းသားအမှတ် အီး-၆၃ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးတက္ကသိုလ်မှ လက်ထောက် ကထိက ဦးခိုင်မျိုးနှင့် သင်တန်းသူစံပြဆုရ ကျောင်းသူ အမှတ် အေ-၁၅၁ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ လက်ထောက်ကထိက ဒေါ်သက်စုမြတ် တို့အားလည်းကောင်း၊ သင်တန်းသား ဖွဲလုံ့လ ဆုရ ကျောင်းသား အမှတ် အီး-၅၇ ကျန်းမာရေးဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်မှလက်ထောက်ကထိက ဦးဝင်းမင်းသန်းနှင့် သင်တန်းသူ ဖွဲလုံ့လဆုရရှိကြသော ကျောင်းသူအမှတ် ဘီ-၁၀၁ပညာရေးဝန်ကြီးဌာနရတနာပုံတက္ကသိုလ်မှကထိက(ဌာနမှူး)ဒေါ်စန္ဒာဦးနှင့် ကျောင်းသူအမှတ် ဘီ-၁၂၉ ပညာရေးဝန်ကြီးဌာန မိတ္ထီလာတက္ကသိုလ်မှ ကထိက ဒေါ်ခင်ပုလဲတို့အားလည်းကောင်း၊ စံပြအဆောင်ဆုရ သင်တန်းသားတပ်ခွဲ အမှတ်(၁) အဆောင်(၆)နှင့် သင်တန်းသူတပ်ခွဲအမှတ်(၅) အဆောင်(၈)တို့အား လည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ရာ သင်တန်းသားသင်တန်းသူများကိုယ်စား တပ်ခွဲအလိုက် သင်တန်းခေါင်းဆောင်များက လက်ခံရယူကြသည်။

ဂုဏ်ပြုလွှာပေးအပ်

ထို့နောက်သင်တန်းသားသင်တန်းသူများက လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၊ စွယ်တော်မြတ်စေတီတော်(မန္တလေး)နှင့် ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းရန်လှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အမျိုးသားညီလာခံကိုကြိုဆို ဂုဏ်ပြုသောအားဖြင့် လှူဒါန်းငွေများကို သင်တန်းသား သင်တန်းသူများ ကိုယ်စား ကိုယ်စားလှယ်များက ပေးအပ်လှူဒါန်းရာ ဝန်ကြီးဒေါက်တာချမ်းငြိမ်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၆၄ ဦးနှင့် သင်တန်းသူ ၇၄၉ ဦး စုစုပေါင်း ၉၁၃ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကံထူးရှင်ရွေးချယ်

ရန်ကုန် မတ် ၁

ပြည်တွင်းအခွန်များ ဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ (၂၁၈) ကြိမ်မြောက် အောင်ဘာလေသိန်းဆု ဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသောဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း(၅၀၀)

ဘ-၃၀၄၅၈၀

ကျပ်သိန်း(၃၀၀)ဆုများ

သ-၈၃၈၂၀၁	န-၄၄၅၈၄၃

ကျပ်သိန်း(၂၀၀)ဆုများ

ဂ-၂၈၈၀၆၄	ဖ-၇၆၇၁၄၈
ပ-၅၉၂၁၃၂	ဍ-၉၃၅၇၆၈

ကျပ်သိန်း(၁၀၀)ဆုများ

က-၆၅၁၆၇၇	ဏ-၇၉၈၉၆၇
ဖ-၄၀၆၇၀၉	ထ-၄၀၁၈၆၀
ပ-၉၆၀၇၅၃	ည-၂၉၁၁၂၉
ဃ-၉၆၈၁၆၁	ဆ-၂၇၇၃၈၀
ည-၆၀၉၆၉၈	သ-၄၉၁၆၆၈
က-၆၄၁၁၃၉	ဏ-၆၆၅၀၉၁
ယ-၁၁၃၆၃၈	လ-၉၈၆၆၃၅

ဠ-၃၅၉၃၁၆

ကျပ်သိန်း(၁၀၀)ယူနစ် (မင်္ဂလာစုံတွဲစနစ်)ဆုမဲများ

ဖ-၉၆၃၃၂၈	ပ-၂၀၉၆၆၃
ရ-၁၇၅၂၅၀	င-၃၄၃၅၄၁
သ-၅၂၂၄၃၈	ဈ-၃၉၁၄၉၂
မ-၃၅၆၀၇၁	ဟ-၅၇၅၆၂၄
ပ-၇၄၉၉၈၁	ဟ-၈၅၁၈၃၇
ဂ-၅၈၈၂၅၂	ဘ-၃၄၆၁၈၅
ဃ-၄၆၉၀၃၆	သ-၆၅၄၂၆၉
ည-၈၀၇၀၀၄	မ-၈၄၀၂၀၃

က-၂၉၈၁၈၉

မြန်မာ့အလင်း အင်တာနက် သတင်းအတိုအထွာ

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဈေးကွက်များအတွင်း ဆေးဝါးအတုများ ရာခိုင်နှုန်း ၅၀အထိ မြင့်တက်လာနေသဖြင့် သေဆုံးမှုများဆက်တိုက်ဖြစ်ပွားနေကြောင်း ကုလသမဂ္ဂ ဆေးဝါးစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် နှစ်ပေါင်း၁၃၁နှစ်အတွင်း ဆောင်းရာသီကာလတွင် ဆီးနှင်းကျဆင်းခြင်း မရှိသည်ကို ပထမဆုံးအကြိမ် ကြုံတွေ့ခဲ့ရကြောင်း၊ ဆောင်းရာသီဖြစ်သည့် ဒီဇင်ဘာလမှဖေဖော်ဝါရီလကုန်အထိ တိုကျိုမြို့လယ်၌ ဆီးနှင်းကျဆင်းမှုမတွေ့ရကြောင်း ဂျပန်မိုးလေဝသဌာနမှ ထုတ်ပြန်ခဲ့သည်ကို မတ် ၁ ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

ဆိုမာလီယာနိုင်ငံ ဘိုင်ဒိုယာ တောင်ပိုင်းလေဆိပ်သို့ တာဝန်ထမ်းဆောင်ရန် ယူဂန်ဒါနိုင်ငံမှပာယူဆရသော အာဖရိကငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်၃၀ စတင်ရောက်ရှိလာကြောင်း အင်တာနက်သတင်းတွင် မတ် ၁ ရက်က ဖော်ပြသည်။

ပါရာဂွေးနိုင်ငံတွင် လွန်ခဲ့သော နှစ်လက အနည်းဆုံးလူ၁၀ဦး သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးခဲ့ပြီးနောက် ရက်၆၀အရေးပေါ်အခြေအနေတစ်ရပ်ကို ပါရာဂွေးအစိုးရက ထုတ်ပြန်ကြေညာလိုက်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

အီရန်နိုင်ငံက ပြည်တွင်းနည်းပညာဖြင့် ပထမဆုံး ကားအင်ဂျင်ကို ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း၊ ယင်းကားအင်ဂျင်ကို အရှေ့အလယ်ပိုင်းဒေသ၏ အကြီးဆုံးကားထုတ်လုပ်ရေးကုမ္ပဏီ အီရန်ခိုဒရိုက ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းကားအင်ဂျင်မှာ လောင်စာဆီနှင့် ဓာတ်ငွေ့နှစ်မျိုးသုံးနိုင်ကြောင်း အီရန်ရုပ်မြင်သံကြားက ထုတ်လွှင့်ခဲ့သည်ကို အင်တာနက်သတင်းတွင်ဖော်ပြသည်။

ပိုလန်နိုင်ငံ ကရာကောမြို့ တောင်ပိုင်းရှိ နေအိမ်အခန်းတစ်ခန်းအတွင်း ဓာတ်ငွေ့အိုးပေါက်ကွဲခဲ့ရာ လူငါးဦးသေဆုံးသွားကြောင်း မတ် ၁ ရက် အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။ **(အင်တာနက်)**

● *ကျောဖုံးမှ*

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဗိုလ်ချုပ်မြင့်လှိုင် နှင့် ဗိုလ်ချုပ်ရဲမြင့်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်နှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြား ရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ရေစက်သွန်းချ အမျှပေးဝေ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေ ကြစဉ်။ (သတင်းစဉ်)

ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါး သီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်သူမြတ် တို့က မေတ္တာသုတ်ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က နိုင်ငံတော် သံဃမဟာ နာယက အဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရအား သင်္ကန်း၊ သပိတ် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နှင့် ဇနီး ဒေါ်မြမြစန်းတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဩသဓာဘိဝံသအား သင်္ကန်း၊ သပိတ်အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိုင်ငံတော်ဩဝါဒါစရိယ

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် တပေါင်းလပြည့်နေ့ (ဥပုသ်နေ့)

၂-၃-၂၀၀၇ရက် (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချို့အေး မင်္ဂလာတေး
၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၁၀ ၆။ အတီးပြိုင်ပွဲ
၈:၂၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၃၀ ၈။ International News
၈:၄၅ ၉။ English for Everyday Use
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၄)ခုနှစ်
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(စိတ်ပညာ အထူးပြု) (စိတ်ပညာ)
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၁၅ ၆။ **"ရောင်ပြန်ဟပ်ခြင်း"** (မင်းအုပ်စိုး၊ ကုသိုလ်) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၇:၂၅ ၇။ နှောင်းခေတ်တေးပဒေသာ
၁၇:၃၅ ၈။ ဓမ္မပူဇာတေးအစီအစဉ်
၁၇:၄၅ ၉။ ရှုဖွယ်စုံညီမြန်မာပြည် (အပိုင်း-၅)
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ်ရွက်ကလေး၏ ရင်ခုန်သံ"** (အပိုင်း-၂၃)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အကြင်နာရွှေဦး"** (အပိုင်း-၁၇)
၁၈။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ ရွှေဦးဆောင်းနှောင်း လတပေါင်း (အပိုင်း-၂)
၁၉။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၀။ နောက်တစ်နေ့အစီအစဉ်

လှူဖွယ်ပစ္စည်းဆက်ကပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ဆရာတော်ထံ သင်္ကန်း၊ သပိတ် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း ကြစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊

ဆက်ကပ်

နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ တပ်မတော် အရာရှိကြီးများ၊ တိုင်းမှူးနှင့် ဝန်ကြီးများ ဆရာတော်၊ သံဃာတော်များထံ လှူဖွယ် ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရွှေကျင်သာသနာပိုင်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယအား သင်္ကန်း၊ သပိတ် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိအား သင်္ကန်း၊ သပိတ် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၂၅၉၅)နှစ် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဆွမ်းဆန်တော် လောင်းလှူပွဲကျင်းပ

ရန်ကုန် မတ် ၁

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၂၅၉၅)ခုနှစ် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဆွမ်းဆန်တော်လောင်းလှူပွဲကို ယနေ့ညနေ ၄ နာရီခွဲက စေတီတော် ရင်ပြင်တော်၌ကျင်းပရာ နိုင်ငံတော် သြဝါဒါစရိယ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ ညောင်တုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တသောဘဏ အမှူးပြုသော နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်ကြီးများ၊ ပင့်သံဃာတော် အရှင်သူမြတ်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး စေတီတော်ဂေါပက အဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်း အဖွဲ့များ၊ အလှူရှင်များ၊ ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

လှူဖွယ်ပစ္စည်းလောင်းလှူ

ရှေးဦးစွာ မြတ်စွာဘုရားအမှူးပြုသော နိုင်ငံတော် သြဝါဒါစရိယ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်ကြီးများ၊ ပင့်သံဃာတော်အရှင်သူမြတ်များ၊ သီလရှင်ဆရာကြီးများ အပါအဝင် စုစုပေါင်း ၁၀၈ ပါးတို့သည် ဆွမ်းဆန်တော် လောင်းလှူပွဲဆိုင်းဘုတ်၊ သာသနာ့အလံ၊ ကြေးစည်၊ မောင်း၊ ခရုသင်း၊ စည်တော် အဖွဲ့များခြံရံ၍ စေတီတော်ရင်ပြင်ရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်များ တန်ဆောင်းစုရပ်မှ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည် ကြွချီတော်မူကြရာ စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များက ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၂၅၉၅)နှစ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော် အထိမ်းအမှတ်အဖြစ် ငွေကျပ် ၂၉၅သိန်း တန်ဖိုးရှိ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဆရာတော်ထံ သင်္ကန်း၊ သပိတ် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြဘာသာဘိဝံသထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆရာတော်ထံ သင်္ကန်း၊ သပိတ် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

နွေရာသီမျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းလမ်း မြန်မာ့ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်းရှိ Han Golf Masters Academy က စီစဉ်သော နွေရာသီမျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်သင်တန်းများကို မတ် ၁၂ရက်မှ စတင်ကာ မေလအထိ လစဉ်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

လေ့ကျင့်ပေး

အဆိုပါသင်တန်းများတွင် အခြေခံစတင်သူ အဆင့်သင်တန်း၊ ကွင်းပတ်အဆင့် မွမ်းမံသင်တန်းနှင့် အဆင့်မြင့် ဂေါက်သီးရိုက်သင်တန်းများဟူ၍ တန်းခွဲသုံးခုထားရှိကာ သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းများကို ဝါရင့်မြန်မာ့လက်ရွေးစင်အသင်း နည်းပြဆရာများက စာတွေ့လက်တွေ့ပေါင်းစပ်သင်ကြား လေ့ကျင့်ပေးသွားမည်ဖြစ်သည်။

နေထိုင်စားသောက်ရေးစီစဉ်ပေး

သင်တန်းတက်ရောက်လိုသော လူငယ်မောင်မယ်များ အရေအတွက်ကို ကန့်သတ်ထားရှိသည့်အတွက် ကြိုတင်စာရင်းပေးသွင်းရန်နှင့် နယ်မှလာရောက်သင်ကြားလိုသော လူငယ်မောင်မယ်များအတွက် ကျောင်းရှိ အဆောင်များတွင် နေထိုင်စားသောက်ရေးကို စီစဉ်ပေးသွားမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက မြန်မာ့ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း ဖုန်း– ၀၁–၇၀၆၇၈၈ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အေးမြနေဆဲ

၁–၃–၂၀၀၇

နေပြည်တော်	–	၁၇	ဒီဂရီစင်တီဂရိတ်
ဟားခါး	–	၂	ဒီဂရီစင်တီဂရိတ်
လားရှိုး	–	၇	ဒီဂရီစင်တီဂရိတ်
မိုးကုတ်	–	၈	ဒီဂရီစင်တီဂရိတ်
ပူတာအို	–	၉	ဒီဂရီစင်တီဂရိတ်
ကသာ	–	၁၀	ဒီဂရီစင်တီဂရိတ်
သံတွဲ	–	၁၂	ဒီဂရီစင်တီဂရိတ်
ရွှေဘို	–	၁၄	ဒီဂရီစင်တီဂရိတ်

မိုးကောင်းဆုတောင်းပြည့်စေတီတော်အတွက် အလှူရှင်များအားဖိတ်ကြား

ရန်ကုန် မတ် ၁

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော ပထမအကြိမ် ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲကို ၁၃၆၈ခုနှစ် တပေါင်းလဆန်း၉ရက်(ဖေဖော်ဝါရီ ၂၄ ရက်)မှ ၁၃၆၈ခုနှစ် တပေါင်းလပြည့်နေ့(မတ် ၂ရက်)သောကြာနေ့အထိ ခုနစ်ရက်တိုင် ကျင်းပလျက်ရှိသည်။ ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲကို ၁၃၆၈ခုနှစ် တပေါင်းလပြည့်နေ့(မတ် ၂ရက်)သောကြာနေ့ မွန်းတည့်၁၂နာရီတွင် ပြီးစီးမည်ဖြစ်ပြီး အလှူရှင်များ၏ လှူဒါန်းမှုအစုစုအား ရေစက်ချတရားတော်နာယူမည်ဖြစ်ပါသဖြင့် အလှူရှင်များကိုယ်တိုင် ကြွရောက်ကြပါရန် မိုးကောင်းဆုတောင်းပြည့် စေတီတော်ဂေါပကအဖွဲ့က ဖိတ်ကြားထားကြောင်းသိရသည်။ **(က–ပ)**

ပဲခူးမြို့က စစ်ကောင်းစာကြည့်တိုက် ဖွင့်ပွဲ

စိန်လှိုင်ဗိုလ်

ပုဂ္ဂလိကအလှူရှင်များ လှူဒါန်းသည့် စာကြည့်တိုက်များအနက် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်သည် ထင်ရှား၏။ စာကြည့်တိုက် အဆောက်အအုံ၊ စာအုပ်စာတမ်း၊ စာကြည့်တိုက် စီမံခန့်ခွဲမှုတို့သည် အကောင်းဆုံးဖြစ်မည်ဟု ထင်ပါ၏။ ဦးလေးအုံး၏ စာပေဆု၊ ပညာသင်ထောက်ပံ့ ချီးမြှင့်ဆုများသည် မြန်မာစာပေ လောကအတွက် လွန်စွာကြီးမားသော အထောက်အပံ့များ ဖြစ်ပါ၏။

ယခုအခါ ပဲခူးမြို့မှ အလှူရှင် မိသားစုတစ်စုသည် စာပေဆုကို မထူထောင်နိုင်သေးသော်လည်း စာကြည့်တိုက်တစ်တိုက်ကို ထူထောင်ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

၂၀၀၆ ခုနှစ် နိုဝင်ဘာ ၁၆ ရက်နေ့တွင် ပဲခူးမြို့ နန်းတော်ရာရပ်ကွက်ဥဿာသီရိ(၇)လမ်း၌ **"စစ်ကောင်း"** အမည်ဖြင့် စာကြည့်တိုက် ဖွင့်လှစ်မည်ဖြစ်ကြောင်း ဖိတ်ကြားစာရရှိသဖြင့် သွားရောက်ခဲ့ပါ၏။ ကနဦးတွင် သာမန်အဆောက်အအုံဖြင့်သာ ဖွင့်ရိုးဖွင့်စဉ် စာကြည့်တိုက်ဖွင့်ပွဲဟု အထင်ရောက်ခဲ့ပါ၏။ လက်တွေ့ရောက်ရှိသွားသော အခါတွင်မူ အတော်အတန်ကောင်းမွန်လှသော အခိုင်အမာ အဆောက်အအုံကြီး တစ်ခုဖြစ်နေသည်ကို အံ့ဖွယ်မြင်တွေ့ရပါ၏။ သို့ဖြစ်၍

စစ်ကောင်းစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားတွင် အလှူရှင် ဦးဝင်းစိန် (အလယ်) **ပါဝင်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

ကျပ်သိန်းပေါင်း ၂၀၀ ကျော် အကုန်အကျခံ၍ တည်ဆောက်ထားသော အလှူရှင် ဦးဝင်းစိန်၏ "စစ်ကောင်း"စာကြည့်တိုက်။

လည်း စာကြည့်တိုက်အလှူရှင် ဦးဝင်းစိန်အား တွေ့ဆုံမေးမြန်း ဖြစ်ခဲ့ပါ၏။

ဦးဝင်းစိန်(၆၃)နှစ်သည် ဇနီး ဒေါ်တင်မြ၊ သားနှစ်ဦးနှင့်အတူ အမှတ် ၁၁၉၈ ဥဿာသီရိ ၇ လမ်းတွင်ပင် နေထိုင်ကြ၍ စစ်ကောင်းအမည်ဖြင့် လက်ဖက်ခြောက်လုပ်ငန်းကို မွန်ပြည်နယ် မြို့နယ်များတွင် ဖြန့်ဖြူးလုပ်ကိုင် ဆောင်ရွက်နေသူဖြစ်ပါ၏။ လွန်ခဲ့သော ၂၀၀၂ ခုနှစ်တွင် စာကြည့်တိုက် ထူထောင်ရန် ရည်မှန်းချက်ဖြင့် ဥဿာသီရိ(၇)လမ်း နေထိုင်ရာ အိမ်အနီး အမှတ် ၁၂၁၅ ပေ ၄၀ x၆၀ အကျယ်အဝန်း ရှိသော မြေကွက်ကို ကျပ်၅၅၀၀၀၀ ဖြင့် ဝယ်ယူခဲ့ပြီး ကာရံခဲ့ပါ၏။ ၂၀၀၄ ခုနှစ် နွေရာသီတွင် ရပ်ကွက်ပြည်သူလူထု သောက်ရေ၊ သုံးရေ မှီခိုအားထားရာ ဥဿာရေကန်ကြီး ခန်းခြောက်သွားသဖြင့် ပြည်သူလူထု ရေသုံးစွဲမှု အခက်အခဲ ပေါ်ပေါက်ခဲ့ပါ၏။ ဦးဝင်းစိန်သည် စာကြည့်တိုက် မထူထောင်နိုင်မီ ရေအလှူကို ဦးစွာလှူဒါန်းနိုင်ရန် အလို့ငှာ ဒီဇယ်အင်ဂျင်ဖြင့်မောင်းသော စက်ရေတွင်း တစ်တွင်း၊ လျှပ်စစ်မော်တာဖြင့်မောင်းသော စက်ရေတွင်း တစ်တွင်း၊ ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှစ်လုံးကို တည်ဆောက်ပြီး ၂၀၀၄ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် ရေအလှူကို စတင်လှူဒါန်းခဲ့ပါသည်။

၂၀၀၅ ခုနှစ်တွင် အာစီကွန်ကရစ် နှစ်ထပ်တိုက် အဆောက်အအုံကို စတင်ဆောက်လုပ်ခဲ့ရာ ၂၀၀၆ ခုနှစ်တွင် ပြီးစီးခဲ့ပါ၏။ ဦးဝင်းစိန်သည် မြေညီထပ်တွင် စစ်ကောင်းစာကြည့်တိုက် ထူထောင်နိုင်ရန် ပရိဘောဂနှင့် စာအုပ်စာတမ်းများကို ကိုယ်ပိုင်ငွေဖြင့် ဝယ်ယူစုဆောင်းခဲ့ရာ ၂၀၀၆ ခုနှစ် နိုဝင်ဘာလ၌ စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပါ၏။ ဦးဝင်းစိန်၏ ရည်မှန်းသော ဆန္ဒသုံးရပ်အနက် ရေအလှူနှင့် စာကြည့်တိုက်အလှူကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါ၏။ အကောင်အထည်ဖော်ရန် ကျန်ရှိနေသော ရည်မှန်းချက်တစ်ရပ်မှာ စာကြည့်တိုက် အပေါ်ထပ်၌ မဟာသဒ္ဓိသုခ စစ်ကောင်းဓမ္မဗိမာန် ဖွင့်လှစ်နိုင်ရေးပင် ဖြစ်ပါ၏။

ဦးဝင်းစိန်သည် ရပ်ကွက်ပြည်သူလူထု သောက်ရေ၊ သုံးရေ လောက်ငှဖူလုံစွာ သောက်သုံးနိုင်စေရန် နွေရာသီတွင် လျှပ်စစ်မီတာခ ငွေကျပ်တစ်သိန်းခန့်နှင့် စက်သုံးဆီအတွက် ငွေကျပ် နှစ်သိန်းခန့်ကို အစဉ် လှူဒါန်းရင်း ပီတိဖြစ်နေသူ လူမှုရေးအလှူရှင် တစ်ဦး ဖြစ်ပါ၏။ စာကြည့်တိုက်တံခါး တစ်ချပ်ဖွင့်လျှင် အကျဉ်းထောင်တံခါး တစ်ချပ်ပိတ်သည်ဟူသော ဆိုစကားကို ယုံကြည်လက်ခံသူတစ်ဦး ဖြစ်ပါ၏။ ဗုဒ္ဓ၏ အဆုံးအမကို လူတိုင်းလိုက်နာနိုင်ခြင်းဖြင့် ငါးပါးသီလမြဲမြံပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးကို အထောက်အကူပြု ဖော်ဆောင်နိုင်မည်ဟု မြဲမြံစွာ ယုံကြည်သူ ဖြစ်ပါ၏။ စာရေးသူက ဦးဝင်းစိန်၏ တတိယ ဆန္ဒဖြစ်သော ဓမ္မဗိမာန်ကို ပြီးပြည့်စုံအောင် ထူထောင်ဖွင့်လှစ်နိုင်ပြီးနောက် ရေရှည် တည်တံ့ခိုင်မြဲရန် မည်သို့မည်ပုံ ထိန်းသိမ်းစောင့်ရှောက်ပါမည်လဲဟု မေးရာ–

"လောလောဆယ်အနေနဲ့ အပေါ်ထပ်မှာ တရားဟောပလ္လင်တစ်ခုနဲ့ ဘာသာရေးသင်တန်း ဟောပြောပွဲတွေ ပြုလုပ်နိုင်ဖို့အတွက် ပရိဘောဂ အစရှိတာတွေကို ကျွန်တော်ဝယ်ယူ စုဆောင်းပါဦးမယ်။ စာကြည့်တိုက်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့အတွက်တော့ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို လွှဲအပ်ပြီးပါပြီ။ ဘာသာရေးခန်းမအတွက် လိုအပ်ချက်တွေ ဖြည့်ဆည်းနိုင်ခဲ့ပြီးရင်တော့ ကျွန်တော် ဆုံးဖြတ်ထားတာ ရှိပါတယ်။ အဲဒီဆုံးဖြတ်ချက်ကတော့ သိန်း ၂၀၀ ကျော်တန်တဲ့ ကျွန်တော့် အလှူအားလုံးကို နိုင်ငံတော်ကို အပြီးအပိုင် လွှဲပြောင်းလှူဒါန်းဖို့ ဖြစ်ပါတယ်။ ဒါမှလည်း စစ်ကောင်းစာကြည့်တိုက်နဲ့ ဓမ္မဗိမာန်အပါအဝင် ရေလှူဒါန်းမှုတွေဟာ ထာဝစဉ်ရှင်သန်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်"

စာရေးသူသည် လူမှုရေးနှင့် ဘာသာရေးအလှူရှင် ဦးဝင်းစိန်၏ ရင်တွင်းမှ ပီတိဖြင့်ယှဉ်သော ကတိစကားများကို ကောင်းစွာယုံကြည်ပါသည်။ ပခုက္ကူဦးအုံးဖေလိုပုဂ္ဂိုလ်မျိုး ပဲခူးမြို့တွင် ထပ်မံပေါ်ပေါက်လာပြီဟု ထိုနေရာမှာပင် အသံမထွက်ဘဲ မှတ်ချက်ချလိုက်မိပါသည်။ ။

သိန်း ၂၀၀ ကျော်တန်တဲ့ ကျွန်တော့် အလှူအားလုံးကို နိုင်ငံတော်ကို အပြီးအပိုင် လွှဲပြောင်းလှူဒါန်းဖို့ဖြစ်ပါတယ်။ ဒါမှလည်း စစ်ကောင်းစာကြည့်တိုက်နဲ့ ဓမ္မဗိမာန်အပါအဝင် ရေလှူဒါန်းမှုတွေဟာ ထာဝစဉ်ရှင်သန်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

ပဲခူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်လှိုင် (စိန်လှိုင်ဗိုလ်)စာကြည့်တိုက်ဖွင့်ပွဲအမှာစကားပြောကြားစဉ်။

ရဲရွာ ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများအတွက် နှစ်ဖက်သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ

ကမ္ဘာပေါ်တွင် တတိယအကြီးဆုံးနှင့်ပဉ္စမအမြင့်ဆုံးဖြစ်

နေပြည်တော် မတ် ၁

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် Colenco Power Engineering Co., Ltd. **တို့ ရဲရွာရေအားလျှပ်စစ် စီမံကိန်း** Consulting Services For Part 2&3 Extension **အတွက် နှစ်ဖက်သဘောတူ စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက်က နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

တက်ရောက်

အဆိုပါလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ရှေ့နေချုပ်ဦးအေးမောင်၊ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ Colenco Power Engineering Co., Ltd. မှ Vice President, Mr. Alan Dredgeနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး Colenco Power Engineering Co., Ltd. မှ Vice President, Mr. Alan Dredge က အမှာစကားပြောကြားသည်။

ထို့နောက် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် Colenco Power Engineering Co., Ltd.မှ Vice President, Mr. Alan Dredge တို့က နှစ်ဖက်သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြပြီးနောက် စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

ကမ္ဘာပေါ်တွင်တတိယအကြီးဆုံး

ယင်းစာချုပ်မှာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနက မန္တလေးမြို့ အရှေ့တောင်ဘက် ၃၁ မိုင် အကွာ ရဲယမန်းရွာအနီး မြစ်ငယ်မြစ်ပေါ်တွင် တည်ဆောက်အကောင် အထည်ဖော်လျက်ရှိသော ရဲရွာရေအားလျှပ်စစ်စီမံကိန်း Consulting Services For Part 2&3 Extension အတွက် စာချုပ်လက်မှတ်ရေးထိုးခြင်းဖြစ်ပြီး Part 1ကို ၃-၅-၂၀၀၁ခုနှစ်က လည်းကောင်း၊ Part 2& 3 ကို ၁၃-၁-၂၀၀၃ ခုနှစ်ကလည်းကောင်း စာချုပ်ချုပ်ဆို၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်း၊ ရဲရွာရေအားလျှပ်စစ်စီမံကိန်း တွင် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၇၉၀ တပ်ဆင်မည် ဖြစ်ပြီး အဆိုပါ စီမံကိန်းသည် ထုထည်အားဖြင့် ကမ္ဘာပေါ် တွင် တတိယအကြီးဆုံးနှင့် အမြင့်မှာ ကမ္ဘာပေါ်တွင် ပဉ္စမ အမြင့်ဆုံး ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလ ကျောင်း ဟောင်း အနောက်ဘက်) တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက်ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဆရာစံလမ်းမကြီးနေ ခင်းပွန်းဦးစိုးလှိုင်(B.A, B.L,D.M.A)နှင့် (သား) ဦးငွေလှိုင်တို့အား ရည်စူး၍ ဒေါ်ကြည်ကြည်လှိုင် သမီး ဒေါက်တာမိမိလှိုင်၊ ဒေါက်တာနီနီလှိုင် မိသားစုတို့က အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်-ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင် ဆရာတော် ဆီးမီးထူး အရှင်ဝိနယ(ဝံသမေဒိနီ)သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ထားဝယ်အသင်း ဂုဏ်ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁

အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘွဲ့ ချီးမြှင့်ခြင်းခံရသော ဘဒ္ဒန္တ အဂ္ဂဝံသ ပခုက္ကူဘုန်းတော်ကြီးသင် ပညာရေး ကျောင်း ထားဝယ်မြို့နှင့် ဘဒ္ဒန္တ နန္ဒော ဘာသ နန္ဒသီရိကျောင်းတိုက် မင်းရပ်ရွာ၊ လောင်းလုံမြို့နယ်၊ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သူရိယ သီရိမင်္ဂလာ ကျောင်းတိုက် ကျောက်ဆည်ရွာ၊ သရက်ချောင်းမြို့နယ်နှင့် ဘဒ္ဒန္တ ပညာဝံသ ညောင်ဇင်ကျောင်းသစ် သရက်ချောင်း မြို့နယ် ဆရာတော်ကြီးလေးပါးနှင့် မဟာဂန္ထဝါစကပဏ္ဍိတ ဒေါ်ဓမ္မစာရီ ရတနာမန်အောင် သီလရှင်စာသင်တိုက် ထားဝယ်မြို့၊ မဟာကမ္မဋ္ဌာနာ စရိယ ဒေါ်သုမနစာရီ တောက်ထိန် တောင် ဇောဓိရိပ်သာ သရက်ချောင်းမြို့နယ် သီလရှင်ဆရာကြီးနှစ်ပါးတို့အား ထားဝယ်အသင်းမှ ဂုဏ်ပူဇော်ပွဲကို မတ် ၄ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အလုံလမ်း ဇမ္ဗူရတနာ ပါဠိတက္ကသိုလ် ကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ရာ ထားဝယ်သူ ထားဝယ်သားများကြွရောက် ပူဇော်ကြရန်နှင့် လှူဖွယ်ပစ္စည်းများကို အမှုဆောင်များနှင့် အသင်းတိုက် ဖုန်း-၂၂၂၂၁၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မလွှန်ဆန်အလှူ ရေစက်ချ တရားပွဲ

ရန်ကုန် မတ် ၁

(၃၁)ကြိမ်မြောက် ဗဟန်းမြို့နယ် လုံးဆိုင်ရာ မလွှန်ဆန်လှူ ရေစက်ချ တရားပွဲကို မတ်၃ရက်(စနေနေ့)မှ မတ် ၉ရက်(သောကြာနေ့)အထိဆရာစံတောင် (စံပြ)ရပ်ကွက်မဟာမြင့်မိုရ်လမ်းတွင် ကျင်းပမည်ဖြစ်ရာ မတ်၃ရက်တွင် အရှင်အာစာရာလင်္ကာရ စစ်ကိုင်းရွှေဟင်္သာဆရာတော်၊ ၄ရက်တွင် အရှင်ဩဘာသ ရွှေမြိုင်ဆရာတော်၊၅ရက်တွင် အရှင်ခေမိန္ဒ (ခင်မကန်)ဆရာတော်၊ ၆ရက်တွင် အရှင်သုန္ဒရ တိပိဋကဓရ တိပိဋကကောဝိဒ စွန်းလွန်းဂူဝိပဿနာ ကျောင်းဆရာတော်၊ ၇ရက်တွင် အရှင် ဝိမလ(ဓမ္မဒူတ)ဆရာတော်၊၈ရက်တွင် အရှင်ကောသလ္လ(ဓမ္မစေတီဆရာတော်)၊ ၉ရက်တွင် အရှင်နာဂသေန (မင်းကျီမိုးကောင်းကျောင်းတိုက်)ဆရာ တော်တို့က ညစဉ် ၈နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

ဘွဲ့ခံဆရာတော်ကြီးများ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁

ဓမ္မဒူတအရှင်ဆေကိန္ဒဆရာတော်အား အမှူးထား၍ တပည့်ဒါယကာ ဒါယိကာမ များစုပေါင်းပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့် ကြော်ငြာစာအမှတ် (၁/၂၀၀၇)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ အပ်နှင်းခြင်းခံရသော စစ်ကိုင်းမြို့ မဟာသုဗောဓိ ရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တနာရဒ ဆရာတော်ကြီး အမှူးပြုသော စစ်ကိုင်းတိုင်းမှ ဘွဲ့ခံဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများ၊ မှော်ဘီမြို့နယ်မှဘွဲ့ ခံဆရာတော်ကြီးတို့အား ဂုဏ်ပြုပူဇော်ပွဲကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမ ကျောင်းတိုက်တွင် (၁၃၆၈ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်) မတ် ၃ ရက်(စနေနေ့)နံနက်၉နာရီတွင် ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဆင်း

မန္တလေးတိုင်း မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ပညာ လေ့ကျင့်မှုဆင့်ပွားသင်တန်း (၁/၂၀၀၇)ဆင်းပွဲကို ဖေဖော်ဝါရီ ၁၀ရက်က ခရိုင်ပြန်/ဆက်ခန်းမ၌ ကျင်းပရာ သင်တန်း၌ ပထမဆုရ မစိုးစိုးအေး(ခရိုင်ပြန်/ဆက်)၊ ဒုတိယဆုရ မဇင်မိမိကျော် (ပေါက်ချောင်း ရပ်ကွက်)၊ တတိယဆုရ မအိအိသိန်းဆွေ (ရန်မျိုးအောင် ရပ်ကွက်) တို့အား တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ခဲ့ကြသည်။

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ကျောင်းဆောင်သစ် ပန္နက်တင်

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ဂျပန်နိုင်ငံ (GGA) အဖွဲ့တို့ ပူးပေါင်း၍ သန်လျင်မြို့နယ် ငပကျေးရွာ မူလတန်းလွန် ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက်က ကျောင်းဆောက်လုပ်မည့်နေရာ၌ ကျင်းပခဲ့သည်။ ကျောင်းဆောင်သစ်ကို မူလတန်းအတွက် (ပေ ၁၀၀ x ပေ ၃၀)စာသင်ခန်း ငါးခန်း၊ အလယ်တန်းအတွက် (ပေ၆၀ xပေ၇၀) စာသင်ခန်း သုံးခန်းနှင့် သန့်စင်ခန်း၊ အဝီစိတွင်း၊ ခြံစည်းရိုး၊ စာသင်ခုံတို့အပါအဝင် ငွေကျပ်သိန်း ၇၀၀ ကျော် အကုန်အကျခံ တည်ဆောက်မည်ဖြစ်သည်။

ဘုရားသမိုင်းပြုစုရေးဆွေးနွေး

မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်ရှိ သမိုင်းဝင်သစ္စာဓိဋ္ဌာန် ရွှေစာရံဘုရားသမိုင်း ပြုစုရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၁ ရက်က ဘုရားဂေါပက အဖွဲ့ရုံးခန်းမ၌ ကျင်းပရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ရဲမှူးဇော်နိုင်ထွန်းက လုပ်ငန်းရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားပြီး ဘုရားသမိုင်းစာအုပ်ပြုစုထုတ်ဝေရေး ဆွေးနွေး ဆုံးဖြတ်ခဲ့ကြသည်။

တိုင်းရင်းဆေး အခမဲ့ကုသ

မကွေးတိုင်း နတ်မောက်မြို့နယ် မြင်းတဲကြီးကျေးရွာတွင် ဖေဖော်ဝါရီ ၁၂ရက်က ဂမုန်းပွင့်ဆေးတိုက်မှ တိုင်းရင်းဆေးသမားတော်ဦးသိုက်ထွန်းက မြန်မာ့တိုင်းရင်းဆေး၏ အသုံးဝင်ပုံကိုဟောပြောခဲ့ပြီး ရဟန်းသံဃာတော်များနှင့် ကျေးရွာပြည်သူများအား အခမဲ့ဆေးကုသပေးကာ တိုင်းရင်းဆေးများ လှူဒါန်းခဲ့သည်။

ဥပဒေရေးရာ ရှင်းလင်းပွဲကျင်းပ

ရှေ့နေချုပ်နှင့် ပြည်နယ်တိုင်း ဥပဒေအရာရှိများ၏ (၂၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ မှာကြားချက်များနှင့် စပ်လျဉ်း၍ ပြန်လည် ရှင်းလင်းသည့် အခမ်းအနားကို ပဲခူးတိုင်း တောင်ငူခရိုင် ဥပဒေအရာရှိရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၃ရက်က ကျင်းပရာ ပဲခူးတိုင်း ဥပဒေအရာရှိ ဦးခင်မောင်တင်က ဥပဒေရေးရာများကို ပြန်လည်ရှင်းလင်းခဲ့ကြောင်းသိရသည်။

ပန်းအလှပင်များ စိုက်ပျိုး

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့တွင် မြို့သာယာလှပရေး အတွက် ပန်းအလှပင်များ ပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်းကို ဖေဖော်ဝါရီ ၅ ရက်က မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများဆောင်ရွက်ခဲ့ရာ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးကိုကိုနိုင်တို့က ကြီးကြပ်ခဲ့ကြောင်း သိရသည်။

ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ပုသိမ်အသင်း (ရန်ကုန်)၏ (၈၆) နှစ်မြောက်နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၂၁/၄၃ စီ)ရှိ ဇရာဝတီတိုင်း ဓမ္မာရုံတွင် ကျင်းပရာ ပညာရည်ချွန် ဆုရ ကျောင်းသား ကျောင်းသူများအား အသင်းဥက္ကဋ္ဌ ဦးစိုးဟန်လင်း၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်းနှင့် အမှုဆောင်များက ဆုများချီးမြှင့်ခဲ့ပြီး အသင်းဥက္ကဋ္ဌအဖြစ် သီရိသုဓမ္မမဏိဇောတရေ ဦးစိုးဟန်လင်းအား ရွေးချယ်ခဲ့ကြကာ အလှူရှင်များက ငွေကျပ် ၂၉၅၅၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုမော်ကွန်း နံရံကပ်စာစောင်ဖွင့်လှစ်

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့ အထက၌ ဖေဖော်ဝါရီ ၇ရက်က ပြည်ထောင်စုမော်ကွန်း နံရံကပ်စာစောင်ဖွင့်ပွဲကို ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းနှင့်ကျောင်းအုပ်ကြီး ဦးအောင်မင်း တို့က အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။

မီးဘေးကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

ပဲခူးတိုင်း ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁ ရက်က ဖြူး၊ ကညွတ်ကွင်း၊ ဇေယျာဝတီနှင့် ညောင်ပင်သာ ဈေးများတွင် မီးဘေးကာကွယ်ရေးအတွက် ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

တီဘီရောဂါ တိုက်ဖျက်ရေး ဆွေးနွေး

စစ်ကိုင်းတိုင်း ရေဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော တီဘီရောဂါ တိုက်ဖျက်ရေး အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က မြို့နယ် ကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးမှူး ဒေါ်ဝင်းကြည်က တီဘီရောဂါ အကြောင်းနှင့် လက်ထောက် ဆရာဝန် ဒေါက်တာ ခင်စန္ဒာမြင့်က တီဘီရောဂါ တိုက်ဖျက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တစ်ချက်တည်း ကျင်းဝင်

မြန်မာနိုင်ငံ ဆရာဝန်အသင်း(တောင်ငူ)၏ အမှုဆောင်တစ်ဦးဖြစ်သူ အထွေထွေရောဂါကုဆရာဝန် ဒေါက်တာသိန်းလွင်သည် ကစားဖော်များဖြစ်ကြသော ဒေါက်တာသန့်ဇင်(သမားတော်)၊ ဒေါက်တာမောင်မောင်တာ (ထွေ/ကု)၊ ဦးမြင့်အောင် (ဟိန်းကြက်စာသန့်)တို့နှင့်အတူ ဖေဖော်ဝါရီ ၃ရက်က တောင်ငူမြို့ ကေတုမတီ ဂေါက်ကွင်း၌ ကစားစဉ် ကျင်းအမှတ်(၃)တွင် တစ်ချက်တည်း ကျင်းဝင်ခဲ့ပြီး၎င်းသည် Srixon Soft Feel No. 3 ဘောလုံးကို Ping(1-3 Plus) သံတုတ် နံပါတ်(၆)ဖြင့် ရိုက်ခဲ့ကြောင်း သိရသည်။

ရွှေဘိုလူငယ် ဖွံ့ဖြိုးရေးစခန်းသို့ ဆန်လှူဒါန်းပွဲ

စစ်ကိုင်းတိုင်းရွှေဘိုမြို့ ဗိုလ်ကုန်းရပ် လူငယ်ဖွံ့ဖြိုးရေးစခန်းရှိ တိုင်းရင်းသားကလေးများအတွက် ဆန်အိတ်များ ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ရက်က အဆိုပါစခန်း အောင်ဇေယျခန်းမတွင် ကျင်းပရာ ခရိုင်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ကြည်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်တို့က အမှာစကားပြောကြားကြပြီး ဆန် ၇၂အိတ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်က ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်းက လက်ခံရယူကြောင်း သိရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

သံသယဖြစ်ဖွယ်ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

ရန်ကုန် မတ် ၁

၁။ **ကမ္ဘာတစ်ဝန်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှ လူသို့ကူးစက်နိုင်သောရောဂါ Zoonosis ဖြစ်ပြီး ၂၀၀၃ခုနှစ် ဒီဇင်ဘာလမှစတင်၍ အာရှ၊ ဥရောပနိုင်ငံ ၅၆နိုင်ငံသို့ ပျံ့နှံ့ဖြစ်ပွားခဲ့ရာ ၂၇-၂-၂၀၀၇ရက်အထိ နိုင်ငံ ၁၂နိုင်ငံတွင် လူ၂၇၅ဦး ကူးစက်ခဲ့ပြီး လူ၁၆၇ဦး အသက်ဆုံးရှုံးခဲ့သည်။

၂။ **မြန်မာနိုင်ငံ၏အခြေအနေ**

(က) **၂၀၀၆ခုနှစ်။** မြန်မာနိုင်ငံအလယ်ပိုင်းတွင် ၈-၃-၂၀၀၆ရက်မှ ၇-၄-၂၀၀၆ ရက်အထိ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားခဲ့သည်။ ၂၄-၂-၂၀၀၆ရက်မှစ၍ ရောဂါထိန်းချုပ်နိုင်ခဲ့ပြီးနောက် H5 N1 ဗိုင်းရပ်(စ်)ပိုး အကြွင်းအကျန် ရှိ/မရှိ၊ ဒေသအတွင်း ခိုအောင်းလည်ပတ်မှု ရှိ/မရှိ ရောဂါရှာဖွေစစ်ဆေးပြီးနောက် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)၏ကုန်းသတ္တဝါဆိုင်ရာ တိရစ္ဆာန်ကျန်းမာရေး ကိုဥပဒေနှင့်အညီ ၄-၉-၂၀၀၆ရက် ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းကြောင်း ကြေညာနိုင်ခဲ့သည်။

(ခ) **၂၀၀၇ခုနှစ်**

(၁) **သံသယဖြစ်ဖွယ် ကြက်ငှက်တုပ်ကွေးရောဂါ စစ်ဆေးတွေ့ရှိမှု။** ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကြက်မွေးမြူရေးခြံတစ်ခြံတွင် ကြက်ကောင်ရေ၃၀၀ခန့် မွေးမြူထားရှိပြီး ၂၇-၂-၂၀၀၇ရက်တွင် ကြက်သေဆုံးမှုအချို့ရှိခဲ့၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရန်ကုန်တိရစ္ဆာန်ကျန်းမာရေးဓာတ်ခွဲခန်းသို့ ကြက်သေပေးပို့ရောဂါစစ်ဆေးခဲ့ရာ သံသယဖြစ်ဖွယ် H5 N1 ဗိုင်းရပ်(စ်)ပိုးတွေ့ရှိရသဖြင့် Suspected Case အဖြစ် သတ်မှတ်ပြီး ရောဂါအတည်ပြု စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

(၂) **ရောဂါဖြစ်ပွားမှုအရင်းအမြစ်။** ရှာဖွေဖော်ထုတ်ဆဲဖြစ်ပြီး ကွင်းဆင်းရောဂါရှာဖွေစူးစမ်းလေ့လာမှုအရ ကြက်ခြံ အကာအရံထားရှိသော်လည်း အကာအရံ ပျက်စီးနေသဖြင့် ကြက်ခြံအတွင်း ဒေသခံကြီး၊ စာကလေး အဝင်အထွက်များပြားကာ ရောဂါသယ်ဆောင်ကူးစက်မှု ဖြစ်စေနိုင်ကြောင်း၊ ကြက်ခြံအနီးရှိ ရေအိုင်တွင် ဘဲများမွေးမြူလျက် ဘဲ၊ ကျီးကန်းများ ဒွေးရောယှက်တင်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

(၃) **ရောဂါအန္တရာယ်ကြိုတင်ကာကွယ်တားဆီးခြင်း** Risk Prevention။ ကြက်ငှက်တုပ်ကွေးရောဂါအန္တရာယ် ကြိုတင်တားဆီး ကာကွယ်ရေး အစီအမံအရ အဆိုပါ သံသယဖြစ်ဖွယ်ကြက်ခြံမှ ကြက်များအား ဖျက်ဆီးမြေမြှုပ်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းများ ပြုလုပ်ထားရှိသည်။

(၄) **ကန့်သတ်ဇုန်** Restricted Zone။ ရောဂါဖြစ်ခြံ၏ ပတ်ဝန်းကျင် တစ်ကီလိုမီတာသတ်မှတ်၍ ၎င်းဇုန်အတွင်း ရောဂါဖြစ်ကြက်ခြံနှင့် သံသယဖြစ်ဖွယ်ကြက်ခြံများရှိ ကြက်များကို ဖျက်ဆီးခြင်း၊ မြေမြှုပ်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်သွားမည်။ ကွင်းဆင်းစစ်ဆေးချက်နှင့် စာရင်းကိန်းဂဏန်းများအရ မရမ်းကုန်းမြို့နယ် ကန့်သတ်ဇုန်အတွင်း အခြားကြက်မွေးမြူရေးခြံများမရှိကြောင်း စိစစ်တွေ့ရှိရသည်။

(၅) **ထိန်းချုပ်ရေးဇုန် Control Zone။** ရောဂါဖြစ်ခြံမှ ပတ်ဝန်းကျင် တစ်ကီလိုမီတာမှ ၁၀ကီလိုမီတာအတွင်း သတ်မှတ်ထားရှိသော်လည်း မြန်မာနိုင်ငံ၏ မြို့နယ်အလိုက် ဘက်စုံစီမံခန့်ခွဲမှုဆိုင်ရာ ဖွဲ့စည်းဆောင်ရွက်မှုအရ မရမ်းကုန်းမြို့နယ်၊ ရန်ကင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်များအား ထိန်းချုပ်ရေးဇုန်အဖြစ်သတ်မှတ်၍ မြို့နယ်အတွင်း ဈေးများတွင် ကြက်/ဘဲဒိုင်၊ ကြက်ဥ၊ ဘဲဥ၊ ကြက်သားအရောင်းဆိုင်များ ရက်သတ္တပတ်သုံးပတ် ယာယီပိတ်ပင်ခြင်း၊ ကြက်အဝင်အထွက်၊ အရွှေ့အပြောင်း ကန့်သတ်ခြင်းများကို သက်ဆိုင်သည့်ဒေသအာဏာပိုင် ခွင့်ပြုချက်ရယူ၍လည်းကောင်း၊ မြို့တော်စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့နှင့် ညှိနှိုင်း၍လည်းကောင်း စီမံဆောင်ရွက်သွားမည်။

၃။ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးတိရစ္ဆာန်ကျန်းမာရေးသတိ

(က) **ရန်ကုန်တိုင်းအတွင်းရှိ ကြက်ခြံများသို့ ပြင်ပလူအဝင်အထွက်မရှိရေး၊ ဒေသငှက်၊ ကျီးကန်း၊ ခို၊ စာကလေး ဝင်ရောက်မှုမရှိရေး စီမံဆောင်ရွက်ရန်။**

(ခ) **ကြက်မှလူသို့ကူးစက်နိုင်မှု ရောဂါအန္တရာယ် ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် ကြက်ခြံနှင့်လူနေအိမ် သီးခြားထားရှိရေး၊ ကြက်ခြံတွင် လူနေထိုင်အိပ်စက်မှုမရှိရေး၊ ကြက်ဘဲ အရှင်ဒိုင်များတွင် လူနေထိုင် အိပ်စက်မှုမရှိရေး သတိပြု စီမံဆောင်ရွက်ရန်။**

(ဂ) **ကြက်ငှက်တုပ်ကွေးရောဂါသံသယဖြစ်ဖွယ် သေဆုံးမှုများ ကြားသိတွေ့ရှိလျှင် အနီးဆုံး ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်များသို့ ချက်ချင်းအကြောင်းကြားရန်။**

(ဃ) **ကြက်သေဆုံးမှုရှိပါက ဈေးအတွင်းနှင့်အခြားဒေသသို့ ဖြန့်ဖြူးရောင်းချခြင်းမပြုရန်၊ ကြက်သေကောင်ကို စည်းကမ်းမဲ့လွှင့်ပစ်ခြင်းမပြုဘဲ မြေမြှုပ်ရန်။**

(င) **ကြက်မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် တစ်ကျော့ပြန်ဖြစ်တတ်သည့် ကြက်ငှက်တုပ်ကွေးရောဂါ အတွေ့အကြုံရယူ၍ ၂၀၀၇ခုနှစ် မတ်လအတွင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့နှင့် ဆက်သွယ်၍ ကြိုတင်ရောဂါကာကွယ်တားဆီးရေး အစီအစဉ်အရ စားသုံးမှုကို အန္တရာယ်မဖြစ်စေသည့် ပိုးသတ်ဆေးများ ကြက်ခြံပတ်ဝန်းကျင် ဖျန်းခြင်း၊ ကြက်ခြံများသို့ လူ၊ တိရစ္ဆာန်၊ ငှက်ရိုင်းများ အဝင်အထွက် အသွားအလာ ကန့်သတ်ထိန်းချုပ်ခြင်း စီမံဆောင်ရွက်ရန်။**

(စ) **ကြက်ငှက်တုပ်ကွေးရောဂါအန္တရာယ် ကင်းရှင်းရေးအတွက် ကြက်၊ ဘဲ၊ အသား၊ ကြက်ဥ၊ ဘဲဥ ကိုင်တွယ်ပြုပြင်ထုတ်လုပ်ရာတွင် လက်၊ ခြေ ထိခိုက်ရှနာမှုမရှိရေး ဂရုပြုရန်၊ လက်ကို ဆပ်ပြာဖြင့် ဆေးကြောသန့်စင်ရန်၊ သေချာစွာ ကျက်အောင် ချက်ပြုတ်စားသောက်ရန်။**

၄။ ကြက်၊ဘဲ၊ ငုံးမွေးမြူထုတ်လုပ်သူ၊ ပြုပြင်သယ်ဆောင် ရောင်းချသူများအနေဖြင့် ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ခရိုင်ပေါင်းစုံ ဘတ်စကက်ဘောပြိုင်ပွဲ ရန်ကုန်အနောက်ပိုင်းခရိုင်မောင်/ မယ်ဗိုလ်စွဲ

ရန်ကုန် မတ် ၁

UNITED PACIFIC Co.,Ltd. ၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်း အားကစားနှင့် ကာယပညာ ကော်မတီတို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဖလား အသက်(၁၈)နှစ်အောက် ခရိုင်ပေါင်းစုံ ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီက အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံ လေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ အမျိုးသား အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲနှစ်ရပ်စလုံးတွင် ရန်ကုန်အနောက်ပိုင်း ခရိုင်မောင်မယ်များ ဗိုလ်စွဲသွားသည်။

ဗိုလ်စွဲ

အမျိုးသား ဗိုလ်လုပွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် အသင်းက အရှေ့ပိုင်းခရိုင်အသင်းကို ၇၆မှတ်၊ ၇၄မှတ်ဖြင့် ပွတ်ကာ သီကာ အနိုင်ရ ဗိုလ်စွဲသွားပြီး အရှေ့ပိုင်းခရိုင် အသင်းက ဒုတိယဆုနှင့်သာ ကျေနပ်လိုက်ရသည်။ တတိယဆုကို မြောက်ပိုင်းခရိုင် အသင်းက ရရှိသွားသည်။

အမျိုးသမီး ဗိုလ်လုပွဲတွင်လည်း ရန်ကုန် အနောက်ပိုင်းခရိုင်အသင်းက အရှေ့ပိုင်းခရိုင်အသင်းကို ၄၄မှတ်၊ ၃၉မှတ်ဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်ပြီး ဗိုလ်စွဲသွားသည်။ အရှေ့ပိုင်းခရိုင် အသင်းက ဒုတိယ ရရှိပြီး၊ တတိယဆုကို မြောက်ပိုင်းခရိုင်အသင်းက ရရှိသွားသည်။

ထို့နောက် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီက အမျိုးသမီး ပြိုင်ပွဲတွင် ဆုရရှိသူများအား တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် ဒိုင်းဆုကြီးများကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်

မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမောင်မောင်မြင့်က အမျိုးသားပြိုင်ပွဲ တတိယဆုရ မြောက်ပိုင်းခရိုင်အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများကိုလည်းကောင်း၊ ရန်ကုန်တိုင်း အားကစားနှင့် ကာယပညာ ကော်မတီ အတွင်းရေးမှူး ဦးသိန်းထွန်းလတ်က ဒုတိယဆုရ အရှေ့ပိုင်းခရိုင်အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများကို လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးညဏ်ထွန်းက ပထမရရှိသည့် အနောက်ပိုင်းခရိုင် အသင်းအား တစ်ဦးချင်း ဆုများကိုလည်းကောင်း၊ UNITED PACIFIC Co.,Ltd. မန်နေဂျာ ဦးဝင်းမြတ်ဦးက အမျိုးသမီး အကောင်းဆုံး ပြန်ကျဘောဖမ်းသူဆုရ အရှေ့ပိုင်းခရိုင် အသင်းမှ ခင်သူဇာငြိမ်း၊အမျိုးသမီးအကောင်းဆုံး ခံစစ်အားကစားသမားဆုရ အနောက်ပိုင်းခရိုင်အသင်းမှ ရီရီအောင်၊ အမျိုးသမီး အထူးချွန်ဆုံး အားကစားသမားဆုရ အနောက်ပိုင်းခရိုင်အသင်းမှ ထိုက်ထိုက်သူ၊ အမျိုးသား ပြန်ကျဘောဖမ်းသူဆုရ အရှေ့ပိုင်းခရိုင် အသင်းမှ စိုင်းသီဟစိုး၊ အကောင်းဆုံး ခံစစ်အားကစားသမားဆုရ အနောက်ပိုင်းခရိုင် အသင်းမှမြတ်ဇော်နှင့် အမျိုးသား အထူးချွန်ဆုံး အားကစားသမား ဆုရ အရှေ့ပိုင်း ခရိုင်အသင်းမှ နေမျိုးမင်းတို့အား ဆုဖလားများနှင့် ငွေသားဆုများ ချီးမြှင့်သည်။

တံခွန်စိုက်ဆု

ဆက်လက်၍ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်က အမျိုးသမီး ပြိုင်ပွဲ ပထမဆုရ အနောက်ပိုင်းခရိုင်အသင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကိုယ်စား ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းအောင်က အမျိုးသားပြိုင်ပွဲ ပထမဆုရ အနောက်ပိုင်းခရိုင်အသင်းတို့အားတံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများ အသီးသီး ပေးအပ်ကြသည်။ **(မြန်မာ့အလင်း)**

သတင်းမှတ်စု
သိန်းဝင်းလေး(မြန်မာ့အလင်း)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်ဆဲဖြစ်သည့် ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းပညာရေး ဗိမာန်တော်ကြီးအတွက် ရန်ကုန်မြို့နေ ဗိုလ်မှူးတင့်လွင်(ငြိမ်း)-ဇနီးဒေါ်ခင်ဆင့်နှင့် ဓမ္မမိတ်ဆွေများက စုပေါင်းလှူဒါန်းသည့် ကျောင်း အလှူတော်ငွေ ကျပ် ၁၆၅၀၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၅၀၀တို့ကို ကျောင်းတော်ကြီး ဖြစ်မြောက်ရေးအကျိုးတော်ဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်မြရှင်(သီရိသုဓမ္မသိင်္ဂီ)ထံသို့ အမှတ် ၇၃/၇၄ ဝင်ဒါမီယာနှင့် အောင်မင်းခေါင်ဘုရားလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ရှိ ကျောင်းတော်ကြီးဖြစ်မြောက်ရေး အကျိုးတော်ဆောင်များရုံးချုပ်၌ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့အလင်း
အင်တာနက်
ဟော့ပိတ်သတင်း

ကမ္ဘာ့အကြီးဆုံးဝင်ရိုးစွန်းဒေသများ လေ့လာမှု သုတေသနပညာရှင်များ ထောင်ချီ၍ လေ့လာကြမည်

ပါရီ မတ် ၁

လွန်ခဲ့သောနှစ်ပေါင်း၅၀က ကမ္ဘာ့အကြီးဆုံး သုတေသနပြုစီမံကိန်းကြီးတစ်ရပ်ကို ပြင်သစ်နိုင်ငံ ပါရီမြို့၌ မတ်၁ရက်က စတင်ဆောင်ရွက်ပြီဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

နိုင်ငံတကာဆိုင်ရာ ဝင်ရိုးစွန်းနှစ်(အိုင်ပီဝိုင်)အဖွဲ့က တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းကို ဒေါ်လာ ၁ ဒသမ ၅ဘီလီယံ အကုန်အကျခံ၍ ပူးပေါင်းသုတေသနပြု လေ့လာမှုများ ပြုလုပ်သွားမည်ဟုဆိုသည်။

ထောင်ပေါင်းများစွာသော သုတေသနပညာရှင်များသည် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကိစ္စများနှင့်အတူ စီမံကိန်းလုပ်ငန်းပေါင်း၂၀၀ကျော်တွင် လုပ်ကိုင်ဆောင်ရွက်ကြမည် ဖြစ်သည်။

ဗြိတိန်နှင့် အမေရိကန်တို့ပါဝင်သော နိုင်ငံအချို့သည် ယင်းတို့၏ အိုင်ပီဝိုင်အစီအစဉ်များနှင့် ပတ်သက်၍ ယခုသီတင်းပတ်စောစောပိုင်းက ထုတ်ဖော်ပြောကြားခဲ့ကြသည်။ သို့သော်လည်း ပြင်သစ်နိုင်ငံက ယင်းအစီအစဉ်ကို နှစ်နှစ်ကြာ လေ့လာမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံပေါင်း ၆၀မှ စစ်ဘက်ဆိုင်ရာ သုတေသနပညာရှင်များ၊ ရေခဲပြင်ခွဲသင်္ဘောများ၊ ဂြိုဟ်တုများနှင့် ရေငုပ်သင်္ဘောများအသုံးပြုကာ ဝင်ရိုးစွန်းဒေသနှစ်ခုတွင် လေ့လာမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းသုတေသန စီမံကိန်းများတွင် အဓိက လေ့လာမည့် အကြောင်းအရာမှာ ရာသီဥတုပြောင်းလဲခြင်းအချက် ဖြစ်သည်။

(အင်တာနက်)

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း

ကျွန်မ မယမင်းညွန့် ၁၂/စခန(နိုင်) ဝ၂၄၈၄၅ နှင့် ဦးမိုးမြင့်လှိုင် KMYT-ဝဝ၂၆၇၁ တို့သည် ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၆ ရက်က စမ်းချောင်းမြို့နယ် တရားရုံး၌ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသဖြင့် ၎င်းနှင့် မည်သို့မျှ ပတ်သက် သက်ဆိုင်မှုမရှိကြောင်း ကြေညာအပ်ပါသည်။

မယမင်းညွန့်
၁၂/စခန(နိုင်) ဝ၂၄၈၄၅။

လှည်းဆိပ် အထက မြတ်ဆရာပူဇော်မည်

ရန်ကုန် မတ် ၁

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် လှည်းဆိပ် အခြေခံပညာ အထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ကြီးများနှင့် (၁၉၈၁-၈၂)အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမများအား ကျောင်းသား ကျောင်းသူဟောင်းများက ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၂ ရက်(တပေါင်းလပြည့်နေ့) နံနက် ၁၀ နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းအုပ်ကြီးများအားလုံးနှင့် ၁၉၈၁-၈၂ အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ (မပျက်မကွက်)တက်ရောက်ကြရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ အနေဖြင့် ယင်းနေ့တွင် အလှူငွေများ တစ်ပါတည်း ထည့်ဝင်လှူဒါန်း ပူဇော်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ကျေးဇူးရှင်ဖခင်ကြီး ဦးညွန့်မောင်

နှစ်(၉၀)ပြည့် မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ကျေးဇူးရှင်ဖခင်ကြီး ဦးညွန့်မောင်(ငြိမ်း၊ အထက ၁-ပြည်၊ မော်ကွန်းဝင် ဒုတိယဆင့်)၏ တပေါင်းလပြည့်နေ့ (၂-၃-၂၀၀၇ ရက်)တွင် ကျရောက်သော နှစ်(၉၀)ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ အသက်ရာကျော်ရှည်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဇနီး - ဒေါ်မြလေး (ငြိမ်း၊ အထက ၂၊ ပြည်)

ချစ်သား/သမီးများ - ဒုတိယဗိုလ်မှူးကြီးတင်ဆွေဝင်း - ဒေါ်ခင်နှင်းယု (ဒုတိယ မြို့နယ်ဥပဒေအရာရှိ၊ ရန်ကင်း)၊
- ဦးသက်ဦး (Z/E P.I.L) - ဒေါ်ခင်သန့်စင် (Target English Language Education)
- ဦးကျော်ဝင်းသူ (MJS) - ဒေါ်မိုးမြင့်လှိုင်
- ဒေါ်ခိုင်ခိုင်ညွန့် (ILBC)
- ဦးရဲမင်းသူ (ဦးစီးအရာရှိ အကောက်ခွန်)- ဒေါ်မော်မော်ညွန့်

ချစ်မြေးများ - ဇေရီပိုင်၊ ဇေရီနိုင်၊ မောင်မင်းခန့်၊ အိဖြူခင်၊ ရွှန်းလဲ့ခင်၊ ချမ်းမြေ့ရတနာ၊ ယဉ်မိုးသူ။

သင့်သွေးဖြင့် အသက်ကယ်ပါ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ ထန်းတပင်လမ်းနေ
ဦးသန်းရွှေ (လက်ထောက်ညွှန်ကြားရေးမှူး၊ စစစ)
ဒေါ်ခင်နု (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဌာနစုမှူး၊ ငြိမ်း)တို့၏ တူသား
စစ်တွေမြို့၊ ဘောင်းဒွတ်သားစုရပ်ကွက်၊ ပဋ္ဌင်းကြီးလမ်းနေ
ဦးလှကျော်စိန်-ဒေါ်မစောဖြူတို့၏ သားလတ်

ဗိုလ်ကျော်လင်းခိုင် M.B.,B.S (D.S.M.A)

နှင့်

စစ်တွေမြို့၊ လမ်းမတော်တောင်ရပ်ကွက်၊ လမ်းမကြီး အမှတ် ၄၃၃ နေ
ဦးရွှေစောအောင် (တရားရုံးချုပ်ရှေ့နေ)
ဒေါ်ခင်မြဝေ (မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ စစ်တွေ)တို့၏ သမီးငယ်

မမြပန်းခိုင်(ခ)ပုံ့ပုံ့ Second Year, English(S.U)

တို့သည် ၂၅-၂-၂၀၀၇ ရက် (တနင်္ဂနွေနေ့)တွင် စစ်တွေမြို့၊ လမ်းမတော်တောင်နေအိမ်၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကျော်လင်းခိုင်-မမြပန်းခိုင်။

ဘင်နီတက်ဇ်နှင့် ဟာဂူဆန်တို့၏ အကြိတ်အနယ်ရှိမည့် အားပြိုင်မှု ရက်ဒင်းကို ရင်တထိတ်ထိတ်နှင့် ရင်ဆိုင်ရဦးမည့် အာဆင်နယ်

ပရီမီယာလိဂ်ပွဲစဉ်(၂၉) သုံးသပ်ချက်

သုံးသပ်တင်ပြသူ - မောင်ချစ်ကြည်

ချန်ပီယံလိဂ်၊ အက်ဖ်အေဖလားနှင့် ကားလင်းဖလား ပွဲများ ဆက်တိုက်ကစားနေသဖြင့် ကစားသမားများ ပွဲပန်းနေသော်လည်း ပရီမီယာလိဂ်ပွဲများကို ဆက်လက်ဆင်နွှဲရမည်ဖြစ်သဖြင့် အသင်းကြီးများ ကစားအားချမရဖြစ်သည့် အနေအထားရောက်နေသည်။

ထိပ်ဆုံးမှ မန်ယူကလည်း ချယ်လ်ဆီးနှင့်တစ်ပွဲလျော့ ကိုးမှတ်ကွာနေရာ စိတ်အေးရသောအခြေအနေ မဟုတ်ချေ။ ထို့အတူ ချယ်လ်ဆီးကလည်း လီဗာပူးနှင့် တစ်ပွဲလျော့ ခုနစ်မှတ်ကွာနေသဖြင့် အမှားအယွင်းခံ၍မရသည့် အဖြစ်မျိုးရှိနေပြီး မန်ယူကိုလည်း ဆက်တိုက် ဖိအားပေးရန်အတွက် နိုင်ပွဲ ဆက်တိုက်ရမှဖြစ်မည်ဖြစ်ရာ ပွဲစဉ်တိုင်း ခြေကုန်ထုတ်ရတော့မည်ဖြစ်သည်။ ပရီမီယာလိဂ်ပွဲစဉ်(၂၉)ကို မတ် ၃ ရက်၌ ကစားမည်ဖြစ်ရာ လီဗာပူးနှင့် မန်ယူပွဲကား ပရိသတ် ပင့်သက်ဖြာရဦးမည့်ပွဲဖြစ်ပြီး ပို့စ်မောက်နှင့် ချယ်လ်ဆီးတို့ပွဲကလည်း ပရီမီယာလိဂ်ဖလား မျှော်လင့်နေသော ချယ်လ်ဆီးအတွက် မော်ရင်ဟို ရင်မရမည့်ပွဲပင် ဖြစ်သည်။

လီဗာပူးနှင့် မန်ယူ

ပြီးခဲ့သည့် ရက်ဖီးနှင့်ပွဲစဉ်တွင် လီဗာပူးတို့ ကစားကွက်ကောင်းလွန်းသည်ဖြစ်ရာ ဘင်နီတက်ဇ် မန်ယူကို ယင်းဗျူဟာဖြင့် ကစားဖွယ်ရှိနေသည်။ မနှစ်က လီဗာပူးကွင်း၌ မန်ယူတို့ ဂိုးမရှိသရေပွဲဖြစ်ထားသည့် ရလဒ်လည်း ရှိနေသည်။ အိမ်ကွင်းကစားအားကောင်းမှု၌ မန်ယူတို့ လီဗာပူးကို မယှဉ်နိုင်ချေ။ လီဗာပူးတို့ အိမ်ကွင်း၌ ၁၄ ပွဲ ကစားခဲ့ပြီးဖြစ်ရာ ၁၁ ပွဲနိုင်၊ သုံးပွဲသရေ မှတ်တမ်းရှိနေသည်။ အိမ်ကွင်းရှုံးပွဲ လုံးဝမရှိသေးသော လီဗာပူးကို မန်ယူ မည်သို့ရင်ဆိုင်မည်မှာ စိတ်ဝင်စားစရာကောင်းနေပြီဖြစ်သည်။ လီဗာပူးတွင် ဖောင်လာ၊ ဟာစ်ပီယာနှင့် ဂျရတ်တို့ကလည်း ဂိုးများပြန်သွင်းနေကြပြီဖြစ်ရာ လီဗာပူး၏ လက်ရှိခြေစွမ်းက အိမ်ကွင်း၌ အသင်းတိုင်းကို စိန်ခေါ်နိုင်သည့် အနေအထားရှိနေသည်။ ထို့အပြင် အိမ်ကွင်း၌ ၁၄ ပွဲ ကစားပြီးချိန်တွင် သုံးဂိုးသာပေးထားရသည့် လီဗာပူး နောက်တန်းကလည်း မာကျောလျက်ရှိရာ ဖာဂူဆန်အတွက် ပွဲကျပ်ပင်ဖြစ်သည်။

မန်ယူတွင် လာဆင်သည် ယခုပွဲနောက်ဆုံးကစားခြင်း ဖြစ်မည်။ လာဆင်ထည့်သုံးလျှင် မန်ယူတိုက်စစ်ကို လီဗာပူး ခံစစ်မှူးများ ကြိုးစားဟန့်တားရမည်ဖြစ်သည်။ မန်ယူ တိုက်စစ်သည် ပရီမီယာလိဂ်၌ အထက်မြက်ဆုံးဖြစ်သည်။ ပရီမီယာလိဂ်ဖလားကို ရယူရန် ဟန်ပြင်နေပြီဖြစ်သော ဖာဂူဆန်သည် ယခုပွဲ အရေးကြီးလှသည်ဖြစ်ရာ လူစုံထုတ်၊ ခြေကုန်ထုတ်ပြီး အနိုင်ရအောင် ကစားမည်ဖြစ်သည်။ မန်ယူတွင် အမာခံဘောလုံးသမားများ ထိခိုက်ဒဏ်ရာရမှု မရှိထားသည်က ကံကောင်းနေသည်။ ဖာဂူဆန် ယခုပွဲကို အနိုင်ရအောင်ကစားမည်မှာ သေချာသော်လည်း အဖြစ်နိုင်ဆုံးရလဒ်က သရေပွဲပင်ဖြစ်သည်။

ပို့စ်မောက်နှင့် ချယ်လ်ဆီး

ယခုနှစ် ဘောလုံးရာသီတွင် မော်ရင်ဟိုအတွက် ချေးဦးပေါက် ကားလင်းဖလားရရှိသွားခဲ့ပြီ ဖြစ်သည်။ အက်ဖ်အေ၊ ချန်ပီယံလိဂ်နှင့် ပရီမီယာလိဂ်ပွဲများတွင် အနည်းဆုံး ဖလားတစ်လုံး ထပ်ယူမည်ဟု ဆိုထားသော မော်ရင်ဟိုသည် ပရီမီယာလိဂ်ကို အထူးအာရုံစိုက်ထားလျက်ရှိသည်။ မန်ယူနှင့် အမှတ်ကွာဟမှုကို ပိုကျဉ်းမြောင်းသွားရန် ပို့စ်မောက်ကို အနိုင်ကစားတော့မည်ဖြစ်သည်။

ချယ်လ်ဆီး တောင်ပံတိုက်စစ်မှူး အာဂျန်ရော်ဘင်။

မနှစ်က ပို့စ်မောက်ကို အဝေးကွင်း၌ ချယ်လ်ဆီးတို့ နှစ်ဂိုးပြတ်ဖြင့် အနိုင်ယူထားခဲ့သည်။ သို့သော် ပို့စ်မောက်၏ လက်ရှိခြေစွမ်းမှာ မနှစ်ကနှင့် လုံးဝမတူတော့ချေ။ အဝေးကွင်း ခြေမငြိမ်သော်လည်း အိမ်ကွင်း၌ အပျံစားကစားနိုင်သည်။ ပြီးခဲ့သည့် ပွဲစဉ်(၂၈)က မန်စီးတီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူခဲ့သည့်ခြေစွမ်းသာပြန်ရပါက ချယ်လ်ဆီးတို့ မလွယ်ချေ။

ပို့စ်မောက်တွင် မင်ဒတ်စ်၊ ကနူး၊ ကိုးလ်၊ ပါမာရော့တ်တို့ ခြေပေါ်ပြီး အတွဲညီညီကစားနိုင်ခဲ့လျှင် ချယ်လ်ဆီးတို့ အကျပ်အတည်းကြုံရမည်ဖြစ်သည်။ သို့သော် နောက်တန်း အားနည်းသော ပို့စ်မောက်ခံစစ်မှူးများကြောင့် ချယ်လ်ဆီးတို့ ဂိုးများရရှိနိုင်ပြီး အနိုင်ရသွားနိုင်သည်။ ပို့စ်မောက်တို့ အမြင့်ဆုံး မျှော်လင့်နိုင်သည်က သရေဖြစ်ပြီး ချယ်လ်ဆီးတို့ နိုင်ပွဲရမှုက ရာနှုန်းများနေသည်။

အာဆင်နယ်နှင့် ရက်ဒင်း

ကားလင်းဖလားကို လက်လွှတ်ခဲ့ရသော အာစင်ဝင်းဂါး အတွက် ပရီမီယာလိဂ်၌ ဖလားရရှိရေးကလည်း အလှမ်းကွာနေသည်။ သို့သော်လည်း နောက်နှစ်ဘောလုံးရာသီ၌ ချန်ပီယံလိဂ်ဝင်နိုင်ရေးအတွက် နိုင်ပွဲဆက်တိုက်ရမှ ဖြစ်မည်ဖြစ်ရာ ပွဲတိုင်း အလေးထားရမည်ဖြစ်သည်။ ရက်ဒင်းသည် အိမ်ကွင်း၊ အဝေးကွင်း ပုံမှန်ခြေစွမ်းပြနိုင်ပြီး နိုင်ပွဲများရအောင်လည်း ကစားနိုင်သည့် အသင်းဖြစ်သည်။

ရက်ဒင်းသည် မန်ယူနှင့် ချယ်လ်ဆီးတို့ကို သရေပွဲရအောင် ကစားနိုင်သော အသင်းလည်းဖြစ်ရာ အာစင်ဝင်းဂါး လျှော့တွက်ပြီး ကစားသမား အကုန်ထုတ်မသုံးလျှင် မမျှော်လင့်သောရလဒ်ကို ဧည့်သည် ရက်ဒင်းတို့ ပေးသွားပေလိမ့်မည်။ နှစ်သင်းစလုံး ချန်ပီယံလိဂ်ဝင်ခွင့်ရရေး ဆန္ဒကိုယ်စီရှိနေကြရာ အကြိတ်အနယ်နွှဲကြမည့် ပွဲကောင်းပင်ဖြစ်သည်။ အသင်းလိုက်ညီညွတ်မှုနှင့် ကစားအားတွင် ရက်ဒင်းက သာသော်လည်း အဆုံးသတ်ကောင်းမွန်မှု၌ အာဆင်နယ်က သာသည်ဖြစ်ရာ အကြိုက်က အာဆင်နယ်ဖြစ်သော်လည်း ရက်ဒင်းကိုလည်း စိတ်တိုင်းကျနေသည်။ အာဆင်နယ် အိမ်ကွင်းဖြစ်၍ နိုင်ပွဲရနိုင်သော်လည်း သရေပွဲလည်း ဖြစ်သွားနိုင်သည်။

ဘော်လ်တန်နှင့် ဘလက်ဘန်း

ပြီးခဲ့သည့် ပွဲစဉ်(၂၈)၌ စပါးကို လေးဂိုး-တစ်ဂိုးနှင့် အရှုံးကြီး ရှုံးခဲ့ရသဖြင့် ဘော်လ်တန်နည်းပြ ဆမ်အလာဒိုက်လည်း မျက်နှာပျက်စရာဖြစ်ခဲ့ရသည်။ ဝေဖန်ဖိအားပေးခံရမှုများကို ချေဖျက်ရန် ယခုပွဲ၌ အကောင်အထည်ဖော်တော့မည်ဖြစ်သည်။ ဘော်လ်တန်တွင် စပိဒ်၊ နိုလန်နှင့် သွန်မဆင်တို့က ဂိုးသွင်းခြေမှန်ကြသလို ဘလက်ဘန်း၌ နွန်ဒါ၊ ပီတာဆင်နှင့် ဝါနော့ခ်တို့ကလည်း တစ်ဖက်နောက်တန်းကို မနားတမ်းမွှေနှောက်နိုင်ကြသူများ ဖြစ်သည်။

ဘလက်ဘန်း ခြေတက်လာသည်မှာ မှန်သော်လည်း အဝေးကွင်းရလဒ် မကောင်းချေ။ ဘလက်ဘန်း ခံစစ်ကြောင်းသည် အားနည်းချက်များရှိရာ ပရီမီယာလိဂ်တွင် အဝေးကွင်း၌ ဂိုးအများဆုံးပေးရသည့်အသင်းများ၌ ထိပ်ဆုံး၌ ပါဝင်နေသည်။ ဘော်လ်တန်နည်းပြ ဆမ်အလာဒိုက် နိုင်ပွဲရအောင် ခင်းကျင်းမည်ဖြစ်ရာ ယခုပွဲ ဂိုးမပြတ်နိုင်သော်လည်း ဘော်လ်တန်တို့ အနိုင်ရမည်သာဖြစ်သည်။

ဖူလ်ဟမ်နှင့် အက်စတွန်ဗီလာ

နှစ်သင်းဆုံတိုင်း သရေပွဲများဖြစ်နေတတ်ရာ ဖူလ်ဟမ်၏ ခြေစွမ်းတက်လာမှုကြောင့် ဗီလာတို့ လက်ဗလာဖြင့် အိမ်ပြန်ရကိန်းဆိုက်မည့် အနေအထားရှိသည်။ ဖူလ်ဟမ်သည် အိမ်ကွင်း၌ ကစားရခက်ပြီး တစ်ဖက်အသင်းကို ကောင်းကောင်းဒုက္ခပေးတတ်သည်ဖြစ်ရာ ဗီလာနည်းပြ မာတင်အိုနေးလ် မည်သည့်အခင်းအကျင်းဖြင့် ထွက်လာမည်ကို ကြည့်ရမည်ဖြစ်သည်။

ဖူလ်ဟမ်တွင် မက်ဘရစ်၊ ဘရောင်း၊ ရိုဇင်စကီးနှင့် ဒေးဗစ်တို့အုပ်စု အကုန်ကစားလျှင် ကစားကွက် အသာစီးရပြီး ဗီလာတို့ ကစားကွက်ပျက်သွားနိုင်သည်။ သို့သော် အချိန်ကိုက် လူစားထိုးကစားတတ်သည့် ဗီလာနည်းပြ မာတင်အိုနေးလ်ကြောင့် ယခုပွဲ သရေဖြစ်သွားနိုင်ပြီး အနိုင်ဆိုလျှင် ဖူလ်ဟမ်တို့သာ ဖြစ်ချေမည်။

မန်စီးတီးနှင့် ဝီဂန်

မနှစ်က မန်စီးတီးကွင်း၌ ဝီဂန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးထားသည့် မန်စီးတီးတို့ ယခုပွဲလည်း အနိုင်ရရန်မလွယ်ချေ။ ကွင်းလယ်ကစားကွက် ကောင်းသော်လည်း အဆုံးသတ်ပိုင်း အားနည်းမှုကို မပြင်လျှင် မန်စီးတီးနည်းပြ စတီးဝပ်ပီးယာစ် အိမ်ကွင်း၌ တစ်မှတ်ရရန်ပင် မျှော်လင့်၍မရနိုင်။

ဝီဂန်တို့ ကစားပုံက မာကျောသည်။ ဝီဂန်၏ တေလာ၊ မတ်ကူလော့နှင့် ကာမာရာတို့က အဝင်အထွက်ရဲရဲဖြင့် ခပ်ကြမ်းကြမ်းကစားတတ်ကြသည်ဖြစ်ရာ မန်စီးတီးတို့ ကစားကွက်ကို ကောင်းကောင်းချေဖျက်ကာ တန်ပြန်တိုက်စစ်မှ ရအောင်ဂိုးသွင်းယူရန် ကြိုးစားကြမည်ဖြစ်သည်။ နှစ်သင်းစလုံး ခြေရည်တူကြသဖြင့် သရေပွဲဖြစ်ရန် များနေသော်လည်း ဝီဂန်တို့ အနိုင်ရသွားဖွယ်ရှိသည်။

နယူးကာဆယ်နှင့် မစ်ဒယ်ဘရော့

ပွဲစဉ်(၂၇)တွင် အိမ်ကွင်း၌ လီဗာပူးကိုနှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူခဲ့သော နယူးကာဆယ်ခြေစွမ်းက သေသပ်ကောင်းမွန်လှသည်။ လီဗာပူးကို လှုပ်မရအောင် နယူးကာဆယ်တို့ ထိန်းချုပ်ကစားသွားနိုင်ခဲ့သည်။ သို့သော် ယခု အိမ်ကွင်း၌ မစ်ဒယ်ဘရော့ကို ထိုသို့ထိန်းချုပ်ကစားရန် ခက်ခဲမည်။ မစ်ဒယ်ဘရော့တိုက်စစ်မှူးများက အင်အားသုံး အနာခံကာ ထိုးဖောက်ကစားပြီး ကြုံသလိုလည်း ဂိုးသွင်းနိုင်ကြသည်။

နယူးကာဆယ်တွင် မာတင်၊ ဆိုလာနိုနှင့် ဘရမ်လီတို့က အားကိုးရသည်။ အပေါ်အောက်လိုက်ပြီး ကစားနိုင်ကာ ဂိုးလည်းသွင်းနိုင်ကြသည်။ ယခုပွဲ နယူးကာဆယ်တို့ အနိုင်နှင့် သရေပွဲကလွဲပြီး ရှုံးပွဲမကြုံတွေ့နိုင်။

ရက်ဖီးနှင့် အဲဗာတန်

တန်းဆင်းဇုန်အနားရစ်ဝဲနေသော ရက်ဖီးတို့ အိမ်ကွင်း၌ အဲဗာတန်ကို ခံကစားမည်သာဖြစ်သည်။ တန်းမဆင်းရရေး ဦးတည်ချက်ထားနေသဖြင့် ရက်ဖီးတို့ ခြေကုန်ထုတ်ကစားမည်မှာ သေချာသည်။ ရက်ဖီးတွင် ဟူလ်ဆေး၊ ဂျာဂီလ်ကာနှင့် တွန်ဂီတို့ ခြေပေါ်လျှင် အဲဗာတန်တို့ အခက်ကြုံတွေ့နိုင်သည်။

တန်းစီဇယားအောက်ဆုံးမှ ဝက်ဖို့ဒ်ကို သုံးဂိုးပြတ်နိုင်အောင် ကစားထားသော အဲဗာတန်ခြေက ကောင်းလှသည်ဖြစ်ရာ ရက်ဖီးတို့ အိမ်ကွင်းဖြစ်သော်လည်း အနိုင်ရရန် မလွယ်ချေ။ အဲဗာတန်တို့ အဝေးကွင်းဖြစ်သော်လည်း ကပ်ပြီးအနိုင်ရမည့်ပွဲပင် ဖြစ်သည်။

ဝက်ဖို့ဒ်နှင့် ချာလ်တန်

နှစ်သင်းစလုံး တန်းဆင်းဇုန်အတွင်း ရောက်နေသည့်အတွက် အစွမ်းကုန် ရုန်းကန်ကြိုးစားရမည့်ပွဲပင်ဖြစ်သည်။ ပွဲစဉ်(၂၈)၌ ဝက်စ်ဟမ်းကို လေးဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့သော ချာလ်တန်ခြေစွမ်းက မယုံနိုင်စရာဖြစ်အောင် ထက်မြက်လှသည်။

ချာလ်တန်နည်းပြ အလန်ပါဂျူးက တန်းမဆင်းရရေးအတွက် သူ့ဗျူဟာများဖြင့် ကယ်တင်ပေးမည်ဖြစ်ရာ အမ်ဘရိုစီ၊ သောမတ်နှင့် ဘင့်တို့အား သူ့ဆန္ဒကို ဖြည့်ဆည်းပေးရာ၌ အသုံးချတော့မည်ဖြစ်သည်။ လက်ရှိခြေစွမ်းကို ဆက်ထိန်းနိုင်လျှင် ဝက်ဖို့ဒ်ကိုလည်း ချာလ်တန်တို့ ဂိုးပြတ်သွင်းနိုင်ပေလိမ့်မည်။ ယခုပွဲ ချာလ်တန်တို့ နိုင်ပွဲပင်ဖြစ်သည်။ ဝက်ဖို့ဒ်တို့အိမ်ကွင်း၌ ဂိုးပြတ် အသွင်းမခံရရေးကိုသာ အာရုံစိုက်ရတော့မည် ဖြစ်သည်။

ဝက်စ်ဟမ်းနှင့် စပါး

ရော်ဘီကိန်း၊ ဂျီးနပ်စ်နှင့် လီနွန်တို့ ဂိုးများ သွင်းလာနိုင်သဖြင့် နိုင်ပွဲများရနေသော စပါးတို့ အဝေးကွင်းဖြစ်သော်လည်း ဝက်စ်ဟမ်းကို အနိုင်ယူမည်ဖြစ်သည်။ မနှစ်က ဝက်စ်ဟမ်းကွင်း၌ စပါးတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးကြွေးကို ယခုပွဲ သေချာပေါက် ပြန်ဆပ်တော့မည်ဖြစ်သည်။

ဝက်စ်ဟမ်း၏ ယခုနှစ်ခြေစွမ်းကား အဝေးကွင်း၊ အိမ်ကွင်းမငြိမ်ဘဲရှိနေရာ လက်ရှိအတိုင်း ဆက်သွားပါက တန်းဆင်းရပေတော့မည်။ စပါးနည်းပြ မာတင်ဂျိုးက ဝက်စ်ဟမ်းထံမှ သုံးမှတ်အပြည့်ရအောင် အားထုတ်မည်ဖြစ်ရာ ယခုပွဲ စပါးတို့ အနိုင်နှင့် သရေကလွဲပြီး အခြားရလဒ် မဖြစ်ပေါ်နိုင်ချေ။ စပါးနည်းပြ မာတင်ဂျိုး သတိထားရမည်မှာ ဒုတိယပိုင်း ကစားအား မချလိုက်ရန် သူ့လူတွေကို အထူးကြပ်မတ်ရန်ပင်ဖြစ်သည်။ သို့မှသာ သရေပွဲနှင့် ရှောင်လွှဲနိုင်မည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ဆောင်းခိုငှက်နှင့် ဆားဗီးယားအနုပညာလက်ရာများ

ဒေါက်တာ ခင်မြင့်ဦး

တပို့တွဲဆန်းစ နေရောင်ဝါကျဲကျဲသည် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းပေါ်ရှိ ညိုလဲ့လဲ့ ချယ်ရီဖျော့ဖျော့အရောင် အမျိုးသားပြတိုက်ပေါ်သို့ ကျဲပက်နေသည်။ ဆောင်းဝတ်ရုံသည် ရက်ပိုင်းမှာပင် အပြီးခွာချတော့သည်။

Serbian Contemporary Fine arts(ခေါ်)ခေတ်ပြိုင် ဆားဗီးယားအနုပညာလက်ရာများနှင့် Buba ဆောင်းခိုခြင်း(၂)ပြပွဲသည် ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၂၃ ရက်နေ့အထိ အမျိုးသားပြတိုက်တွင် ခင်းကျင်းပြသခဲ့သည်။ ထိုအနုပညာပြပွဲသည် ဆားဗီးယားနိုင်ငံ၏ အောင်မြင်ထင်ပေါ်ကျော်ကြားသော ပန်းချီပညာရှင် Ljubica-Buba Pecarski နှင့် ရန်ကုန်ဆားဗီးယားသံရုံးမှ သံရုံးတာဝန်ခံ Mr.Dragaon Janekovic ၏ အကူအညီဖြင့် ဖြစ်သည်။ ထိုပွဲသည် ဆားဗီးယား၏ မျိုးဆက်သစ် လူငယ်အနုပညာရှင်များသာမက လူလတ်ပိုင်း ပန်းချီ ပညာရှင်များလည်း ပါဝင်သည်။

လတ်တလော ဖွံ့ဖြိုးတိုးတက်လာသော ဆားဗီးယားနိုင်ငံ၏ အနုပညာရပ်ပိုင်းဆိုင်ရာ စွမ်းဆောင်မှုတို့သည် ကမ္ဘာ့အနုပညာစင်မြင့်မှာ ထည်ဝါခမ်းနားနေပါသဖြင့် လေ့လာခံစားခဲ့ပါသည်။ ကောက်နုတ်ဖော်ပြရပါလျှင်...

ပုံအမှတ် 32/4 သည် Zecevic Stanko၏ အမျိုးသမီးပုံဖြစ်ပြီးအမျိုးသမီးပုံချည်းလေးမျိုးပြသထားသည်။ Drawing IV. ink.58 x 547 cm, 2005 ဟု ရေးထိုးထားသည်။ အညွှန်း စာအုပ်တွင် Stanko Zecevic ဟု ဖော်ပြထားပြီး မိရိုးဖလာ ထုံးတမ်းစဉ်လာများကို ဖော်သူဟု ဆိုထားသည်။ ဖော်ပြပါ အမျိုးသမီးနှင့် အနီးရှိ မြင်း၏ပုံတွင် ထူးခြားသည်က အမျိုးသမီး၏ အကြည့်အပြုံးနှင့် မြင်း၏မျက်လုံးအနေအထား ဖြစ်သည်။ အမျိုးသမီး၏ ဦးထုပ်၊ ပဝါနှင့်အင်္ကျီ၊ လက်အိတ်ရှည်တို့သည် အမျိုးသမီး၏ ဣန္ဒြေကို ဆောင်းပေးသည်။ ပန်းချီဆရာ၏ အကြောင်း အရာတွင် 1954. Klenak-Niksic. Master of Fine Art. Painter. Professor at the Applied Arts University in Belgrade. Member of the Fine Arts Association of the Serbia ဟုဖော်ပြထားသည်။

နောက်ထပ် စိတ်ဝင်စားစရာက Trees ဟူသော ပန်းချီကား ဖြစ်သည်။ Trees, Colaz, 35 x 40 cm, 2004 ဟု ဖော်ပြထားသည်။ပန်းချီဆရာမှာ Rokvic-Zlatanovic Mirjana ဖြစ်ပြီး 1957 Belgrade, Master of Fine Arts. Painter. Member of the Fine Arts Association of the Serbia ဟုဖော်ပြထားသည်။ အညွှန်းစာအုပ်၌ Mirjana Rokvic သည် ကော်လာချ်(Collage)ကို အသုံးပြုပြီး တစ်မူထူးခြားသော အမြင်ပိုင်းဆိုင်ရာအနုပညာရပ်ကို တင်ဆက်ထားပါသည်ဟု ဆိုထားသည်။

ပုံအမှတ် 24/3 ဖြစ်ပြီး သစ်ပင်များ ဟူသော ပန်းချီကားအမည်အတိုင်း သစ် ပင် တွေ ကို အ မြင် သစ် ဖြင့် ရေးဆွဲ ထားသည်။ ခံ စား မိသည် မှာ ပုံပါ အထင်ရှားဆုံးသစ်ပင်တစ်ပင်သည်အနီရင့်ရောင်အင်္ကျီ၊ ပန်းနုရောင်ပဝါကြားရှိ မိန်းမရွယ်ဦးခေါင်းနေရာမှာ ပေါက်နေခြင်း ဖြစ်သည်။

ထို့နောက် ပုံ 10/1 Play XXIV digital-offset print 51 x 72 cm, 2005 ဟူသော ပုံ အကြောင်းအရာနှင့် ပန်းချီဆရာ Kastavarac Slobodan 1952, Belgrade Berch of Fine Art. Painter. Member of the Fine Arts Association of the Serbia ဟု တင်ပြထားသည်။ အညွှန်း စာအုပ်မှာ ထိုပန်းချီဆရာသည် ပုံမှန် သဘာဝမဆန်သော abstract အနုပညာကို ခြယ်မှုန်းထားပါသည်ဟု ဆိုထားသည်။ ပုံမှာ ပုရွက်ဆိတ် တစ်ကောင်ပုံ ဖြစ်နေပါသည်။ ငှက်တစ်ကောင်ပုံလို့လည်း ထင်နိုင်သည်။ ဒါပေမယ့် ပုရွက်ဆိတ်ကောက်ကြောင်းကို ပို၍ခံစားမိသည်။

ထို့နောက် အတောင်နှာ အမွေးကျွတ်အောင် ခွပ်နေကြသော ကြက်နှစ်ကောင် ခံ စား မှု ကို Karanovic Rodoljub ၏ 9/2 ပန်းချီကားတွင် တွေ့ရသည်။ ပုံ အကြောင်းအရာက 1999-YugopetrolIII, Colour Lino cut 50 x 70 cm, 1999ဟု ဖော်ပြထားပြီး ပန်းချီဆရာနှင့် ပတ်သက်၍ 1948, Beogarad. Ma ster of Fine Art. Gra phic, Director of the Collection of the Fine Arts at the Faculty of the Fine Arts Association of the Serbia ဟု ဖော်ပြထားသည်။ အညွှန်းစာအုပ်၌ ထိုပန်းချီဆရာသည် Shapes ပုံရိပ်ဆန်းများကို အသုံးချပြီး တောက်ပအားအလွန်ကောင်းပြီး တွဲဆက်ပေါင်းဖက်၍မရသော ဆန့်ကျင်ဘက် အရောင်အဆန်းများကို ဖန်တီးထားသည်ဟု ဖော်ပြထားရာ ပန်းချီကားကို ပြန်ကြည့်မိရာ....တကယ်ပဲ တောက်ပသောအရောင်တွေကို ပြသထားရာ မြန်မာမျက်စိမို့ တိုက်ကြက်နှစ်ကောင်တိုက်နေကြပုံ မြင်မိခြင်းဖြစ်ရသည်။ နေဝင်ဖြိုးပျ တောတန်း တစ်တန်းရော မဖြစ်နိုင်ဘူးလား...။

ဤတွင် 5/1 ပုံအမှတ်ပါ Mor ning မြန် မာ လို နံ နက် ခင်း ဟူသော ပန်းချီကားကို ခံစားရသည်။ ပန်းချီဆရာမှာ Filipovic Vlasta ဖြစ်ပြီးအညွှန်း စာအုပ်၌ ထိုပန်းချီဆရာသည် ပေါင်းစပ်နည်းပညာ တစ်ခုကို အသုံးပြုပြီး စင်ကြယ်သန့်ရှင်းသောပလတ်စတစ်ပုံရိပ်တစ်ခု ကဲ့သို့ ဖြစ်အောင် တည်ဆောက် ခြင်း ကို ဖန်တီးနိုင်သည်ဟုဆိုထားသည်။ မည်သို့ ပင်ဆိုထားပါစေ....ပုံက ဆွဲဆောင်နိုင်စွမ်း ရှိလှသည်။ ဖော်ပြချက် ကောင်းသည်။ မြန်မာလိုဆိုရင် Post Modrm ဟု ဆိုရမည်ဖြစ်ပြီး တကယ်တော့ Realism သာ ဖြစ်သည်။ အမိုးပုံစံလေးနှင့် သော့ခတ် လျက်နှင့် နံရံနှစ်ဖက် သို့မဟုတ် တံခါးဘောင်နှစ်ဖက်က ချလျက် သား...ဒါပဲ နံနက်ခင်း အစစ်အမှန် ဖြစ်သည်။

ထိုပန်းချီဆရာ၏ အခြားတစ်ပုံမှာ Noontime မွန်းတည့်ချိန်ဖြစ်ပြီး သော့ပွင့်လျက်၊ အမိုးပွင့်လျက်၊ တံခါးနှစ်ရွက်ပွင့်လျက်ကို ရေးဆွဲထားသည်။

Gligorijevic Jovan ၏ Fear ဟူသော ကားကတော့ တိုက်ရိုက် ပြသထားခြင်းဖြစ်သည်။ နိမိတ်ပုံမသုံး၊ တင်စားချက်မပါ။ Fear Carbon on paper ဖြစ်သည်။ ကြောက်နေတဲ့ မျက်နှာအပိုင်းအစတစ်ခု၊ ပါးစပ်ပိတ်လျက် နှာခေါင်းရှုံ့လျက်၊ မျက်လုံးက မှိတ်ထားပေမယ့်၊ ခပ်ပြူးပြူး ဖြစ်သည်။ ပုံအညွှန်းစာအုပ်၌ မသိစိတ်တစ်ခုနှင့် အိပ်မက်များ၏ ပုံဖော်ခြယ်သမှုကို Jovan Gligorijevic ၏ စုတ်ချက်များကြားတွင် ရှာတွေ့နိုင်သည်ဟု ဆိုရာ...ကြောက်နေတဲ့ မျက်နှာတစ်ခုကို ပို၍ ခံစားနိုင်ပါသည်။

ထို့နောက် အိပ်မက်နှင့် ဆုတောင်းခြင်းတို့၏ စွမ်းအင် Energy of Dream & Hommage ပန်းချီကားကို ခံစားမိသည်။ Miljus Branko ၏ လက်ရာဖြစ်သည်။ 1936, Dragotinja, Master of Fine Art, Graphic Professor of the Fine Arts University in Belgrade, Member of the Fine Arts Association of the Serbia ဖြစ်သည်။ အညွှန်းစာအုပ်တွင် ပုံရိပ်ဂရပ်ဖစ် Graphic imprints များနှင့် ဆားဗီးယားမော်ဒန်အနုပညာ လောကမှာ ထူးခြားပြောင်မြောက်သည့် နေရာတစ်ခုကို အရယူထားသူဟု ဆိုသည်။ မျက်ဝန်းတစ်ခုကိုပြသ၍ တင်စားရေးဆွဲထားသည်ဟု ခံစားမိသည်။

ဤတွင် အဓိက ဆောင်းခိုငှက် Seobe ဖြစ်သူ Ljubica Pecarski Buba ၏ ကားများကို ဖော်ပြပါမည်။ သူ့အကြောင်းကတော့ (1952- born in Belgrade, 1977-1985 Studied in Belgrade n the Faculty of Fine Arts in the Painting Department in class of Professor Zoran Petrovic. Completed postgraduate studies in the same faculty and Department in class of Professor Volislav Todoric. Member of serbian Fine Artsts Association Gove 1983. ဟူ၍ဖော်ပြထားသည်။ အမျိုးသမီးပန်းချီဆရာမ တစ်ဦးဖြစ်ပြီး ...သူမ၏ သွက်လက်ပေါ့ပါးသည့် စိတ်ကူးစိတ်သန်းပုံဖော်မှုများသည်လည်း အရှေ့တိုင်းယဉ်ကျေးမှု၏ ခံစားချက်များကို နီးကပ်သည်ထက် နီးကပ်လာစေသည်ဟု ဆိုထားသည်။

သူမနှင့် ပတ်သက်၍ အခြားအထူး ဖော်ပြချက်မှာ Buba Pecarski သည် အရှေ့ပိုင်း စဉ်းစား တွေးခေါ်ခြင်းကို ခံစားတတ်သောတစ်ဦးတည်းသောပန်းချီဆရာမ ဖြစ်သည်။ ဤ ခံစားမှုကိုပင် သူမ၏ သရုပ်မှန် ဝိညာဉ်၌ ပွေ့ဖက်ထားခဲ့သည်။ ဒါကြောင့် သူမသည် ထိုခံစားမှု ဝိညာဉ်ကိုသာ ရေးဆွဲထားသည်။ သူမ၏ပင်ကို နှလုံးသားဖြင့် ရေးဆွဲသည်။ ဆုပ်ကိုင်မရနိုင်သော စိတ်ကူးပုံစံကို သင်္ကေတဖြင့် ဖမ်းယူသည်ဟု...ဆိုညွှန်းသည်။



Buba ၏ ကား ချပ် များ များစွာ တွေ့ရသည်။ Buba ၏ ပုံများသည်အမည် ရေးထိုး မထားပါ။ ထို့အတွက် လွတ်လပ်စွာ ခံစားနိုင်သည်။ စွဲငြိဖွယ် ပုံများ အနက် တစ်ပုံကို ဖော်ပြခံစားရမည် ဆိုလျှင် In front of mountain side Villageh ဟု အမည်ပေးချင်မိ သောကားချက်ဖြစ်သည်။ တောင်တွေရယ်၊ တောင်တွေရဲ့နောက်ခံ ကောင်းကင်ရယ် တောင်ခြေရွာလေးရယ်၊ မြူတွေဆိုင်းသောပတ်ဝန်းကျင်ရယ် ဖြစ်သည်။ အခြားကားချပ်တစ်ခုမှာ စည်းရိုးနောက်ဘက်ရှိ စဉ့်အိုး တစ်လုံးနှင့်သူ့အပေါ်မှာ မှောက်လျက်သားရှိသော လက်ကိုင်နှင့် သောက်ရေ ခွက်တစ်လုံးဖြစ်သည်။ Buba ၌ အရှေ့တိုင်း ခံစားမှု ဝိညာဉ်ကိန်းအောင်းသည် ဆိုခြင်းကို အကြွင်းမဲ့လက်ခံလိုက်ပါသည်။ ။

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
တပေါင်းလပြည့်ကျော် ၁ ရက်
၃-၃-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်)

နေ့လယ်ပိုင်း

၀၉:၃၀ တူယှဉ်သီကြွေး စုံတွဲတေး
(၁) ချစ်ခရီးလမ်းကလေး (ကေတုဝင်းထွတ်၊ မေဆွိ)
(၂) မဆုံးချစ်ကမ္ဘာ (မောင်မြတ်သူ၊ တင်မိုးခိုင်)
(၃) လောကသစ်ကလေး ရှာစို့ကွယ် (ကျော်မြင့်ဦး၊ တက္ကသိုလ်ဖြူဖြူသီ)

၀၉:၄၅ အာဆီယံအစီအစဉ်

၁၁:၁၅ နိုင်ငံစီးပွားလုပ်ငန်းများ (မြစ်ကြီးနားမြို့နယ် ရှဒေါင်ကျေးရွာအနီးရှိ ကျွန်း၊ ပျဉ်းကတိုး စိုက်ခင်းများအကြောင်း)

၁၁:၃၅ ရေဒီယိုမဂ္ဂဇင်း
(၁) လတပေါင်း (ခေါင်းကြီး)
(၂) တကယ်ရတနာ (ဆောင်းပါး သရုပ်ဖော်)

၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ

၁၂:၁၀ ကလေးများ၏ ဉာဏ်စမ်းပဟေဠိအစီအစဉ်

၁၃:၁၀ ပညာရေးအစီအစဉ် (ဘီအီးဒီအင်္ဂလိပ်စာသင်ပြနည်း Task Based Teaching)

ညနေပိုင်း

၁၆:၁၀ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ(ဘောဂဗေဒ)

၁၆:၂၀ သိမှတ်စရာမြန်မာစကား မြန်မာစာ (မောင်ခင်မင်-ဓနုဖြူ)

၁၇:၀၀ အဆို၊ အက၊ အရေး၊ အတီးဆုရ (ရောဝတီတိုင်းမှ မမိုးမိုးသူဇာနှင့် မန္တလေးတိုင်းမှ မနန္ဒာလင်းတို့၏ ခေတ်ဟောင်း/ကာလပေါ်)

၁၇:၁၅ ခေတ်ဟောင်းတေး
(၁) ဘယ်ကချစ်သလဲ (မေနွဲ့)
(၂) ပျော်ရွှင်မယ် (ပြည်လှဖေ၊ မေရှင်)
(၃) ထိုက်သူပန် (ဆရာအောင်)

၁၇:၃၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်း

၁၇:၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ဆယ်ကျော်သက်နှင့် အဝလွန်ပြဿနာ-နေမောင်)

၁၈:၂၅ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)

၁၈:၄၀ လှပသာယာအိမ်ဂေဟာ (သန့်ရှင်းကျန်းမာတစ်ဘဝတာ)

၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး [မန်းသီရိတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် ဂန္ထဝင်သုံးဖော်(၃)စီးရီး]

၂၀:၃၀ မြန်မာ့အသံ (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့)

၂၀:၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ပိတောက်စိမ်း (ချိုပြုံး)
(၂) သူတို့လို (ဂီတာသာစိန်)
(၃) အချိန်နဲ့နေရာဆိုတာ (တက္ကသိုလ်လဲ့လဲ့)

2-3 (15) 1 3/2/07, 1:23 PM

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မိဘများဖြစ်သော ဦးလှမြင့်–ဒေါ်ကြည်(အင်းစိန်)အား ရည်စူး၍ သမီး ဒေါ်လှကြူ၊ မနုနုယဉ်မိသားစု၊ သား ဦးတင်လှမိသားစု၊ သား ဒေါက်တာထွန်းမြင့်–ဒေါက်တာခင်စောရီ ရန်ကုန်မြို့ ပြည်ရိပ်မွန်အိမ်ရာ ကမာရွတ်မြို့နယ် (၇)ရပ်ကွက် တိုက်(၂၁) အခန်း(၂၂)နေ မိသားစုတို့က အလှူငွေကျပ် တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာအရှင်ဝိစိတ္တထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

နမ့်ခမ်းမြို့နယ်ခန်းမလမ်း ကတ္တရာလမ်းခင်း

နမ့်ခမ်း ဖေဖော်ဝါရီ ၁၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော မြို့နယ်ခန်းမလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ရာသို့ ဇန်နဝါရီ ၂၃ ရက်က အမှုဆောင်အရာရှိ ဦးမျိုးမင်းစိုးနှင့် လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဦးတင်ထွန်းကျော်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက် ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဒေါ်ခင်အိမ်အား ရည်စူး၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ညောင်တုန်းလမ်း အမှတ်(၁/၄)နေ ဦးမြတင်နှင့် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော်ဘဒ္ဒန္တ ပညာသိရီလင်္ကာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းသစ်ဖွင့်

လွိုင်ကော် ဖေဖော်ဝါရီ ၈

ကယားပြည်နယ် လွိုင်ကော်မြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံက လွိုင်ကော်–နေပြည်တော်နှင့် ရန်ကုန်ပြေးဆွဲမည့် ရွှေရာဇာ အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်က လွိုင်ကော်မြို့ လိုင်းပေါင်းစုံရှိ ရွှေရာဇာ ယာဉ်လိုင်းဂိတ်တွင် ကျင်းပရာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင် တက်ရောက်၍ အမှာစကားပြောကြားပြီး အဆိုပါ ရွှေရာဇာ အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(ဝ၆၆)**

မော်လမြိုင်မြို့ အဘယသုတာရာမ စာသင်တိုက် လေးထပ်ကျောင်းဆောင်သစ်အတွက် ငွေများလှူဒါန်း

မော်လမြိုင် ဖေဖော်ဝါရီ ၂၀

မွန်ပြည်နယ် မော်လမြိုင်မြို့ ဖက်တန်းနယ်မြေ ဒေါ်လန်းရပ်ကွက်ရှိ အဘယသုတာရာမစာသင်တိုက် ပရိဝုဏ်အတွင်း ငွေကျပ်သိန်းတစ်ထောင်ကျော် အကုန်အကျခံ တည်ဆောက်ဆဲဖြစ်သည့် လေးထပ်ကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ယင်းကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ အလှူရှင်ဒေါ်ပိုက်၊ သမီး ငယ်ငယ် မိသားစုက ငွေကျပ် ၁၅ သိန်း၊ ဦးကျင်တိတ်–ဒေါ်ခင်သိန်း (မြန်မာ့ဆေးမျိုးစုံဆိုင်) သားသမီးတစ်စုတို့က ငွေကျပ် ၂၄ သိန်း၊ ဒေါ်သိန်းသိန်း၊ သမီး မမြဝင်းကြည် မိသားစုက ငွေကျပ်ငါးသိန်း၊ ဒေါ်ခင်စီ၊ ဒေါ်မြစီ ညီအစ်မတစ်စုက ငွေကျပ် ၁၀ သိန်း၊ ဦးကျုံလွမ်–ဒေါ်ရင်ကျို မိသားစုက ငွေကျပ်ခြောက်သိန်း၊ ဦးကြည်ဝင်း–ဒေါ်လှလှ၊ သမီး မသက်သက်ဝင်း မိသားစုက ငွေကျပ်သုံးသိန်း၊ ဦးတင်လှိုင်–ဒေါ်သန်းသန်းဝင်း(ကျော်ကြားဆောက်လုပ်ရေး) ပစ္စည်းရောင်းဝယ်ရေး မိသားစုက ငွေကျပ်ငါးသိန်း၊ ကိုခင်လတ်–မမိုးမိုးဝင်း(ရန်ကုန်) မိသားစုက ငွေကျပ်တစ်သိန်း ခြောက်သောင်း၊ ဒေါ်ကွေ့ မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးစိုးသန်း–ဒေါ်မြင့်မြင့်ခိုင် မိသားစုက ငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းရာ လေးထပ်ကျောင်းဆောင်သစ် ဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးတင်အောင်နှင့် အဖွဲ့ဝင် ဦးငြိမ်းမောင်တို့က လက်ခံယူကြသည်။ **(၁၆၈)**

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသော အားဖြင့် ရန်ကုန်တိုင်း သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော သုံးခွ–နံ့ယော ကျေးလက်လမ်း ရှိ အောင်မင်္ဂလာ သစ်သားတံတားသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက်က တံတားထိပ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းလှိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းငွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကင်း ပြည်သာယာ(ကျိုက္ကဆံ ILBC တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် အလှူငွေကျပ် သုံးသိန်းကို ဦးညွန့်ဖူး–ဒေါ်ထားထား ဗိုလ်ချုပ်လမ်း ဗဟန်းမြို့နယ်က လှူဒါန်းရာ ရွှေပြည်ဟိန်း ဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (၁၁၅)

နမ့်ဆန်မြို့ ရေပေးဝေရေးလုပ်ငန်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်နှင့်အဖွဲ့ ဇန်နဝါရီ ၁၅ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e- Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၅–၃–၂၀၀၇ (တနင်္လာနေ့)

❑ Sociolinguistics (2)
– တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက် ရှိသော ဆရာ/ဆရာမများ

❑ Stylistics (1)
တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက် ရှိသော ဆရာ ဆရာမများ

၆–၃–၂၀၀၇ (အင်္ဂါနေ့)

❑ Language and Education (2)
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက် ရှိသောဆရာ ဆရာမများ

❑ Sociolinguistics (3)
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက် ရှိသောဆရာ ဆရာမများ

၇–၃–၂၀၀၇ (ဗုဒ္ဓဟူးနေ့)

❑ Stylistics (2)
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

❑ A Survey of literary Theories(1)
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

၈–၃–၂၀၀၇ (ကြာသပတေးနေ့)

❑ A Survey of literary Theories (2)
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက် ရှိသောဆရာ ဆရာမများ

❑ A Survey of literary Theories (3)
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက် ရှိသောဆရာ ဆရာမများ

၉–၃–၂၀၀၇ (သောကြာနေ့)

❑ Teaching Short Story (1)
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက် ရှိသောဆရာ ဆရာမများ

❑ Teaching Short Story (2)
– တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက် ရှိသောဆရာ ဆရာမများ

၁၀–၃–၂၀၀၇ (စနေနေ့)

❑ Cost Accounting
- ဒုတိယနှစ် စီးပွားစီမံ အထူးပြုကျောင်းသား ကျောင်းသူများ

❑ Income & Expenditure A/C
- ဒုတိယနှစ် စီးပွားစီမံ အထူးပြုကျောင်းသား ကျောင်းသူများ

❑ Cost Accounting (Controls of Material Cost)
- ဒုတိယနှစ် စီးပွားစီမံ အထူးပြုကျောင်းသား ကျောင်းသူများ

❑ Overhead Control
- ဒုတိယနှစ် စီးပွားရေး အထူးပြုကျောင်းသား ကျောင်းသူများ

❑ The Role of Supervisor
- ဒုတိယနှစ် စီးပွားစီမံ အထူးပြုကျောင်းသား ကျောင်းသူများ

❑ Financial Accounting (Partnership Account Final A/C)
- ဒုတိယနှစ် စီးပွားစီမံ အထူးပြုကျောင်းသား ကျောင်းသူများ

❑ Nature of Management
- ဒုတိယနှစ် စီးပွားစီမံ အထူးပြုကျောင်းသား ကျောင်းသူများ

❑ Learning
- ဒုတိယနှစ် စိတ်ပညာ အထူးပြုကျောင်းသား ကျောင်းသူများ

❑ Psychology Applied to Crime Testimony and the Courtroom
- ဒုတိယနှစ် စိတ်ပညာ အထူးပြုကျောင်းသား ကျောင်းသူများ

❑ Major Methods of Social Psychological Research
- ဒုတိယနှစ် စိတ်ပညာ အထူးပြုကျောင်းသား ကျောင်းသူများ

❑ Experimental Psychology
- ဒုတိယနှစ် စိတ်ပညာ အထူးပြုကျောင်းသား ကျောင်းသူများ

၁၁–၃–၂၀၀၇ (တနင်္ဂနွေနေ့)

❑ မြန်မာအမျိုးသမီးစာဆိုတော်များနှင့်၎င်းတို့၏ စာများမှစာဆို တောင်တွင်း ရှင်ငြိမ်းမယ်
- ဒုတိယနှစ်မြန်မာစာ၊ မြန်မာမှု၊ ရသစာပေ၊ ဒဿနိကဗေဒ အထူးပြုကျောင်းသား ကျောင်းသူများ

❑ ဆရာဇော်ဂျီ၏ "ပန်းပန်လျက်ပါ" ကဗျာနှင့် "စွမ်းရည်အလှကဗျာ" တို့မှရသမြောက် ကဗျာအတွေးနှင့်အရေး
- ဒုတိယနှစ်ရသစာပေ အရေးအသားအထူးပြုကျောင်းသား ကျောင်းသူများ

❑ မြန်မာရသစကားပြေ
- ဒုတိယနှစ်ရသစာပေအရေးအသားအထူးပြု ကျောင်းသား ကျောင်းသူများ

❑ မြန်မာနှင့်မြန်မာစကား
- ဒုတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများး

❑ The Family
- ဒုတိယနှစ် အိမ်တွင်းစီးပွား အထူးပြုကျောင်းသား ကျောင်းသူများ

❑ Index Numbers
- ဒုတိယနှစ် စီးပွားရေး၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွား အထူးပြုကျောင်းသား ကျောင်းသူများ

❑ Keynesian Policy Applied to the Economy
- ဒုတိယနှစ် ပြည်သူ့ရေးရာ အထူးပြုကျောင်းသား ကျောင်းသူများ

❑ Conflict of Law
- ဒုတိယနှစ် ဥပဒေပညာ အထူးပြုကျောင်းသား ကျောင်းသူများ

❑ Administrative Tribunals
- ဒုတိယနှစ် ဥပဒေပညာ အထူးပြုကျောင်းသား ကျောင်းသူများ

❑ Military Law
- ဒုတိယနှစ် ဥပဒေပညာ အထူးပြုကျောင်းသား ကျောင်းသူများ

❑ Maritime Liens
- ဒုတိယနှစ် ဥပဒေပညာ အထူးပြုကျောင်းသား ကျောင်းသူများ

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
ခန္တီးခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်(၁/၂၀၀၇)

ခရိုင်မန်နေဂျာ **နှင့်** ၁။ ဦးညာဏ်မြင့်ထွန်း
မြန်မာ့စီးပွားရေးဘဏ်၊ ခန္တီးမြို့။ ၂။ ဒေါ်ယဉ်မေဝင်း
တရားနိုင် **တရားရှုံး**

၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ်(၃)တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ ခုနှစ် ဧပြီလ ၂၆ ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၁၁ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းများ

ခန္တီးမြို့ ပေါ်မိုင်းရပ်၊ ဈေးလမ်း၊ အမှတ်–ပ/၂၅၉ မြေဧရိယာ ၀ ဒသမ ၀၈၈ ဧကနှင့် ယင်းမြေပေါ်ရှိ လူနေနံကပ်နှစ်ထပ်အဆောက်အအုံနှစ်လုံးနှင့် အခြားအဆောက်အအုံများ၊ သီးပင်စားပင်များအားလုံးအပါအဝင်–

ကြမ်းခင်းဈေးနှုန်းကျပ် (၂၂)သိန်း သတ်မှတ်သည်။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ယူလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အောင်ကြည်သိန်း
ဒုတိယခရိုင်တရားသူကြီး၊ ခန္တီးမြို့။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်–၆(အမ်)

မြန်မာ့စီးပွားရေးဘဏ် (၁) **နှင့်** ၁။ ဦးနေဝင်း
မန္တလေးမြို့။ ၂။ ဒေါ်ခင်တင့်
တရားနိုင် **တရားရှုံး**

၂၀၀၀ပြည့်နှစ် တရားမကြီးမှုအမှတ်–၂၁၉တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ခုနှစ် ဧပြီလ ၂ ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် တန်ခူးလပြည့်ကျော် ၁ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

အမရပူရမြို့ ဈေးချိုရပ်ကွက် မင်္ဂလာစံရပ် ကွင်းအမှတ် (၆၀၂) ဦးပိုင်အမှတ် (၁၂၆)ဧရိယာ ၀ဒသမ ၀၉၈ဧကရှိ မြေနှင့်မြေပေါ်ရှိ သွပ်မိုးနှစ်ထပ် ပတ်ကားတိုက်အဆောက်အအုံ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း(၁၈၀)။

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၁၆ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

ဝင်းမြင့်
တွဲဖက်တိုင်းတရားသူကြီး(၆)
မန္တလေးတိုင်းတရားရုံး။

တစ်ဦးတည်းဖြစ်ပါကြောင်း

နမတ **M.T.N.T** ၀၃၂၄၈ ကိုင်ဆောင်သူ ကွန်ကီဒေဝီနှင့် ကောက်ရှလ်ယာဒေဝီသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ကွန်ကီဒေဝီ(ခ)ကောက်ရှလ်ယာဒေဝီ (နမတ M.T.N.T ၀၃၂၄၈)။**

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်း လုပ်ငန်းလက်အောက်ရှိ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း စက်ရုံအတွက် အောက်ဖော်ပြပါ စက်ပစ္စည်းအား ပစ္စည်းလက်ဝယ်ရှိသူထံမှ ကုန်စည်ဖလှယ်စနစ်ဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

ပြည်တွင်းအဝယ်ဈေးနှုန်းအဆိုပြုလွှာ (၂၀၀၆–၂၀၀၇)

တင်ဒါပေးသွင်းရက် ၁–၃–၂၀၀၇
တင်ဒါပိတ်ရက် ၁၂–၃–၂၀၀၇

ပစ္စည်းအမည်	ရေတွက်ပုံ	အရေအတွက်
Automatic Powder Filling Machine With Automatic Vertical Screw Feeder (Integratable With Automatic Conveyor Line)	Set	1

၂။ ချိပ်ပိတ်တင်ဒါ ပေးသွင်းမှုကို အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ နေပြည်တော်သို့ (၁၂–၃–၂၀၀၇)ရက် ၁၄း၀၀ နာရီတွင် နောက်ဆုံးပေးသွင်းရမည် ဖြစ်ပါသည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁–၃–၂၀၀၇ ရက်မှစ၍ အောက်ဖော်ပြပါ လိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်–

အမှတ်(၁) စက်မှုဝန်ကြီးဌာန
မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း
စီမံကိန်းဌာန
နေပြည်တော်– ဖုန်းနံပါတ်– ၀၆၇–၄၀၈၁၄၄။

တိုက်ခန်းငှားမည်

အနော်ရထာအိမ်ရာ
(၄)လွှာ
စုံစမ်းရန်ဖုန်း– ၆၆၃၇၄၇။

ဖခင်အမည်မှန်

ဗန်းမော်မြို့ အထက(၂)၊ အဋ္ဌမတန်း(က)မှ မောင်ရဲရင့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးညွန့်ဦး ၁/ဗမန (နိုင်)၀၀၆၂၉၉ ဖြစ်ပါသည်။
ဦးညွန့်ဦး။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၉၃၀၇၆ Yamaha DT-125Rယာဉ်လက်ဝယ်ရှိသူ ဦးအိုက်ရီ မှတ်ပုံတင်အမှတ် ၁၃/ကခန(နိုင်) ၀၆၃၃၈၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး၊ (မြစ်ကြီးနားမြို့)။**

တောင်ဥက္ကလာပမြို့နယ် အမှတ်(၃၁) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် နှစ် ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက်ပထမဆုရ မစုဝင့်ဝါဖြူအား ကျောင်းအုပ် ဆရာမကြီး ဒေါ်တင်ညိုက ဆုချီးမြှင့်စဉ်။ (၂၀၀)

စာကြည့်တိုက်နှင့် ဆေးပဒေသာပင်အတွက် အလှူငွေလှူဒါန်းသူများ ဂုဏ်ပြုလွှာပေးအပ်

မြဝတီ ဖေဖော်ဝါရီ ၁

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အလှူငွေ၊ ပြည်သူ့ဆေးရုံဆေးပဒေသာပင်အလှူငွေနှင့် မြို့မအားကစားပွဲကြည့်စင် ဆောက်လုပ်ရေးအလှူငွေများ ပေးအပ်ပွဲနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ရက်က မြဝတီမြို့ သောင်ရင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေညွှန့်က လှူဒါန်းရရှိမှုများအပေါ် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ ရှင်းလင်းပြောကြားပြီး လှူဒါန်းငွေကျပ် တစ်ရာနှစ်ဆယ့်ရှစ်သိန်းနှစ်သောင်းခုနှစ်ထောင်ကို အလှူရှင်များက လှူဒါန်းရာ ခရိုင်ဥက္ကဋ္ဌ ဦးအောင်ဆွေညွှန့်နှင့်ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူ၍ မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ဇန်နဝါရီ ၂၈ ရက်က မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်ကို စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်ပြပွဲဖွင့်

ပလောက် ဖေဖော်ဝါရီ ၂၀

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြိတ်ခရိုင် ပလောက်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်ပြပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက်က အမှတ်(၄)ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဇော်လင်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးစောလောဒယ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးဇော်လင်းက နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို လည်းကောင်း၊ ရပ်ကွက်ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

စိတ်ဝင်စားစွာ

အခမ်းအနားအပြီးတွင် တက်ရောက်လာသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်တို့ကို စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖေဖော်ဝါရီ ၁၂ရက်က ရွှေဟောင်းသမိုင်းဝင် ဓမ္မသိဒ္ဓိ ကလိုင်ထော်စေတီတော်(အဋ္ဌမ)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၁၂ရက်ကကျင်းပရာ မင်္ဂလာဒုံမြို့နယ် ပညာရေးမိသားစု ကိုယ်စား အထက(၃) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေသိန်းက အလှူငွေကျပ် နှစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကိုတိုးက လက်ခံယူစဉ်။ (က–ပ)

နွေစပါးစိုက်ပျိုးရေး ရေစကြို၌ ဆွေးနွေး

ရေစကြို ဖေဖော်ဝါရီ ၂၀

မကွေးတိုင်း ရေစကြိုမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမဆောင်တွင် ဖေဖော်ဝါရီ ၁၅ ရက်က ကျေးရွာအုပ်စု ၈၉ အုပ်စုမှ ဥက္ကဋ္ဌများ၊ စာရေးဝန်ထမ်းများနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဇော်က ပွင့်လင်းရာသီ၌ ခြံစည်းရိုးကြက်ဆူပျိုးပင်နှင့် နွေစပါးအပြည့်အဝစိုက်ပျိုးရေး ဆွေးနွေးပြီး အဖွဲ့ဝင်(၁) ဒုတိယရဲမှူးသိန်းလွင်က မီးအန္တရာယ်ကင်းရှင်းရေး၊ ကျေးရွာအုပ်စုများ လုံခြုံမှုရှိရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၂၅၁)**

ဝေါမြို့ ကေရာဇ်–နောင်ပတ္တရာ–သဘော့ကန် ကျေးလက်ဂဝံလမ်း ဆောင်ရွက်ထားမှုကို ဖေဖော်ဝါရီ ၂၁ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးတင်နုနှင့်အတူ နောင်ပတ္တရာကျေးရွာ ဥက္ကဋ္ဌ ဦးအောင်လွင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးရဲထွဋ်တင်တို့ ကွင်းဆင်းကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးစောရွှေက ဂဝံလမ်းဆောင်ရွက်ထားမှုကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့က မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ဖွားတော်မူ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

ရှေ့ဖုံးမှ

အဆိုပါ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်ကြီးများနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နေ့ဆွမ်း ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်ကတ်ပြား ထုတ်ယူရန်ကြေညာ

ရန်ကုန် မတ် ၁

၂၀၀၇ခုနှစ် မတ်၁၄ရက်မှ မတ်၂၃ရက်အထိကျင်းပမည့် တက္ကသိုလ်ဝင် စာမေးပွဲကို ဖြေဆိုခွင့်တောင်းထားကြသော ကျောင်းသား ကျောင်းသူများသိရှိရန် မြန်မာနိုင်ငံစာစစ်အဖွဲ့က ယနေ့သတင်းထုတ်ပြန်သည်။

တစ်ပြည်လုံးရှိ နယ်စာစစ်ဌာနအသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲဝင်ခွင့် ကတ်ပြားများနှင့် ခုံအမှတ်စာရင်းများကို သက်ဆိုင်ရာစာစစ်ဌာန ကြီးကြပ်ရေးမှူးများထံသို့ ပေးပို့ထားပြီးဖြစ်ရာ မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဝင်ခွင့်ကတ်ပြား (Identity Card)များကို သက်ဆိုင်ရာစာစစ်ဌာန ကြီးကြပ်ရေးမှူးများထံမှ မတ်၆ရက်(အင်္ဂါနေ့)မှစ၍ စာမေးပွဲရက်မတိုင်မီ ကြိုတင်စုံစမ်း မေးမြန်းထုတ်ယူကြရန်ဖြစ်သည်။

ကပ်ထားမည်

ရန်ကုန်မြို့မ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ခုံအမှတ်စာရင်းများနှင့် စာစစ်ဌာနစာရင်းများကို မြို့နယ်အလိုက် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများတွင် မတ်၇ရက်(ဗုဒ္ဓဟူးနေ့)မှစ၍ ကပ်ထားပေးမည်ဖြစ်သည်။

ထုတ်ယူနိုင်

ရန်ကုန်မြို့မစည်ပင်သာယာနယ်နိမိတ်အတွင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မတ် ၉ရက်(သောကြာနေ့)မှစ၍ အခြေခံပညာအထက်တန်းကျောင်း(ကျောင်းခွဲ)နှင့် (တွဲဖက်)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို သက်ဆိုင်ရာ မိမိတို့ကျောင်းအုပ်ကြီးများထံမှလည်းကောင်း၊ ပြင်ပမှ ဖြေဆိုသူများသည် စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများထံမှလည်းကောင်း အသီးသီးထုတ်ယူနိုင်ကြကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ဆေးရုံတက်ကျောင်းသားကျောင်းသူများအတွက် ဆေးရုံစာဖြေဌာနသုံးခု ဖွင့်လှစ်ထားမည်

ရန်ကုန် မတ် ၁

ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်အဖွဲ့တို့၏ ကြိုတင်ညှိနှိုင်းထားချက်အရ မတ် ၁၄ရက်မှ ၂၃ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြသော ကျောင်းသား ကျောင်းသူများ နစ်နာမှုမရှိစေရန် ရည်ရွယ်လျက် ဆေးရုံစာဖြေဌာနသုံးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် ဝေဘာဂီအထူးကုဆေးရုံကြီးတို့၌ ဖွင့်ပေးရန်စီစဉ်ထားသည်။

စာမေးပွဲဝင်ရောက်ဖြေဆိုလိုကြသည့် ကျောင်းသား ကျောင်းသူ(အတွင်းလူနာ)များသည် အဆိုပါဆေးရုံကြီးများ၌ အထူးတာဝန်ချထားသော ဆေးလူမှုဆက်ဆံရေးအရာရှိများနှင့် ဆက်သွယ်ဆောင်ရွက် အကူအညီတောင်းခံနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း သတင်းအညွှန်း

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှ လူသို့ ကူးစက်နိုင်သောရောဂါဖြစ်၊ ၂၀၀၃ခုနှစ် ဒီဇင်ဘာလမှစတင်၍ အာရှ/ ဥရောပနိုင်ငံ ၅၆နိုင်ငံသို့ ပျံ့နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ၂၇ရက်အထိ နိုင်ငံ၁၂နိုင်ငံတွင် လူ၂၇၅ဦး ကူးစက်ခဲ့၊ ယခုအခါ သံသယဖြစ်ဖွယ် ကြက်ငှက်တုပ်ကွေးရောဂါ စစ်ဆေးတွေ့ရှိ။

(သတင်းအကျယ်-စာ ၁၂)